# THE VIHARA
## *Dhamma Newsletter*
## ဓမ္မစာစောင်

**October 2005** **Issue (7)**


# ချစ်ခြင်း – မေတ္တာဟူသည်

မုဒုံဆရာတော်

မေတ္တာဆိုတာ ချစ်ခြင်းလို့ အနက်ရှိပါတယ်။ မေတ္တာနဲ့အနက်သဘောတူ ပေမ ဆိုတာလည်း ချစ်ခြင်းလို့ အနက်ရှိ တာပါပဲ။ မေတ္တာက ဝိသေသ ပေမက သာမညဖြစ်ပါတယ်။

ဒါကြောင့် ချစ်ခြင်းဆိုတဲ့သဘောကို ခွဲခြားနားလည်ကြဖို့ လိုပါတယ်။ မေတ္တာ–ချစ်ခြင်း၊ ပေမ–ချစ်ခြင်း ဒီနှစ်မျိုးမှာ ပေမ–ချစ်ခြင်းကို အရင်နားလည်ကြည့်ရအောင် (၁) တဏှာပေမ (၂) ဂေဟာစိတပေမ (၃) မေတ္တာပေမ လို့ သုံးမျိုးရှိပါတယ်။ အဲဒီသုံးမျိုးမှာ

(၁) တဏှာပေမဆိုတာ မိန်းမနှင့်ယောကျ်ား အချင်းချင်း တဏှာလောဘ၏ အစွမ်းဖြင့် ချစ်ကြိုက်ခြင်းကို ခေါ်ပါတယ်။ အများအသိကတော့ တဦးတဦး မေတ္တာရှိနေကြတယ်လို့ ဆိုကြမှာပါ။ တကယ်တော့ မေတ္တာအစစ်မဟုတ်ပါဘူး၊ တဏှာ လောဘ၏အစွမ်းဖြင့် တဦး၏အာရုံကို တဦးကတပ်မက်နေကြ တာပါ။ တဏှာပေမ တဏှာနဲ့ချစ်နေကြတာပါ။ ပင်ပန်းတဲ့အချစ်၊ ပူလောင်တဲ့အချစ်ပါ။ မြတ်စွာဘုရားကလည်း ‘တဏှာယ ဇာယတေ သောကော၊ တဏှာယ ဇာယတေ ဘယံ’ လို့ ဟောထားပါတယ်။

(၂) ဂေဟာသိတပေမ– ဒါကတော့ မိဘနှင့်သားသမီး၊ ညီနဲ့အစ်ကို၊ မောင်နဲ့နှမ စသည်တို့ အတူနေအချင်းချင်း ချစ်ခင်တွယ်တာမှုကို ခေါ်ပါတယ်။ အိမ်၌နေခြင်းကို မှီရင်းဖြစ်တဲ့ ဒီချစ်ခြင်းကိုလည်း အများအသိမှာတော့ မေတ္တာစစ်လို့ပြောကြမှာပါ။ သူလည်းစစ်မှန်တဲ့ မေတ္တာ မဟုတ်သေးပါဘူး။ တဏှာပေမနဲ့နှိုင်းဆရင်တော့ မြတ်ပါတယ်။ ဒါပေမဲ့ ပူလောင်ခြင်း ပင်ပန်းခြင်းဆိုတဲ့ ဆင်းရဲကို ဖြစ်စေတတ်ပါသေးတယ်။ ‘ပိယေန ဇာယတေ သောကော၊ ပိယေန ဇာယတေ ဘယံ’ ချစ်လို့ ပူလောင်တယ်၊ ချစ်လို့ ပင်ပန်းတယ်။ နဲနဲချစ်ရင် နဲနဲပင်ပန်းတယ်။ များများချစ်ရင် များများပင်ပန်းပါတယ်။ ဘာကြောင့်လည်းဆိုတော့ ဂေဟာသိတပေမဟာ လောဘဖြစ်နေလို့ပါပဲ။ တဏှာပေမက တဏှာရာဂဖြစ်ပါတယ်။ ဂေဟာသိတပေမက လောဘဖြစ်ပါတယ်။ ဒီချစ်ခြင်းနှစ်မျိုးလုံးဟာ ကုသိုလ်မဟုတ်ကြပါဘူး။ သုဂတိဘုံကို မရောက်နိုင်တဲ့တရားတွေထဲမှာ သူတို့ပါပါတယ်။ အပါယ်ဘုံကိုတော့ လွယ်လွယ်လေး ပို့ဆောင်ပေးနိုင်ပါတယ်။ ဒီအကြောင်းတွေကို နဲနဲလောက်ပြောချင်ပါသေးတယ်။

## မယားစားဘို့ သားစားဘို့

ရာဇဂြိုဟ်မြို့က နန္ဒ နွားသတ်သမား၊ စုန္ဒ ဝက်သတ်သမားတို့ဟာ သေခါနီးမှာ နွားလို ဝက်လို ပင်ပန်းစွာ(၇) ရက် ခံစားပြီးတော့မှ သေရတယ်။ သေပြီးတော့ ငရဲကိုရောက်တာပါပဲ။ လူဖြစ်စဉ်တုန်းက မယားစားဘို့ သားစားဘို့ သူတို့မှာ အသက်မွေးမှုမှားခဲ့ကြပါတယ်။

အလေးမမှန် တောင်းမမှန်စသည်ဖြင့် မတရား စီးပွား ဥစ္စာ ရှာခဲ့ကြတဲ့ မိန်းမလေးယောက်လည်း ရှိပါသေးတယ်။ ထောပတ်၊ ပျားရည်၊ ဆီ၊ စပါးတို့ကို မတရားရောင်းဝယ်ပြီး စီးပွား ဥစ္စာ ရှာဖွေရာက သေသွားတဲ့အခါမှာ ရာဇဂြိုဟ်မြို့ရဲ့ အပြင်ဘက် ကျုံးဘေးမှာ ပြိတ္တာမကြီးတွေဖြစ်နေကြပါတယ်။ တညသောအခါမှာ သူတို့ရဲ့ ခင်ပွန်းဟောင်းတွေက နောက်အိမ်ထောင်အသစ်ထူထောင်ပြီးတော့ သူတို့ရှာဖွေထားတဲ့ ဥစ္စာ စီးပွားတွေကို ပျော်ပျော်ပါးပါး သုံးဆောင် ခံစားနေကြပုံတွေမြင်ရတော့ အတော့ကို မချမ်းမသာဖြစ်ကြရတယ်။ သူတို့မှာတော့ မစားရ၊ မသောက်ရ၊ မဝတ်ရနဲ့ ဆင်းရဲနေကြရတာ သိပြီးတော့ ငိုကြွေးနေကြပါတယ်။ ကြောက်မက်ဖွယ် ငိုသံကြားရတဲ့သူတွေက မကောင်းတဲ့ အတိတ်နိမိတ်လို့ ယူဆပြီးတော့ နိမိတ်ဆိုးတွေ ပပျောက်အောင်လို့ ရည်ရွယ်ချက်နဲ့ ရဟန်းသံဃာတော်များနှင့်တကွ မြတ်စွာဘုရားကို ပင့်ပြီး ဆွမ်းကပ်ကြပါတယ်။ ကြားရတဲ့အသံ ကြောင့် သူတို့မှာ ကြောက်လန့်ကြတဲ့အကြောင်းကိုလည်း လျှောက်ထားကြပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရား က ဥပါသကာတို့ ကြားရတဲ့အသံကြောင့် သင်တို့မှာ အန္တရာယ်တစုံတရာမျှမရှိပါ။ အမှန်စင်စစ်ကတော့ အမျိုးသမီးလေးဦးဟာ မတရားသဖြင့် ပစ္စည်း ဥစ္စာတွေကို ခဲခဲယဉ်းယဉ်းနဲ့ စုခဲ့ကြတယ်။ သေသွားတဲ့အခါမှာ သူတို့ရဲ့ခင်ပွန်းတွေက နောက်အိမ်သူအသစ်တွေနဲ့ အဲဒီပစ္စည်း ဥစ္စာတွေကို တပျော်တပါး သုံးဆောင်နေကြတယ်။ သူတို့မှာတော့ ဒါနကုသိုလ် စသည်ကို မပြုရက်ဘဲ မတရားသဖြင့် ပစ္စည်း ဥစ္စာရှာခဲ့ကြတဲ့အတွက် ပြိတ္တာဘဝ ရောက်ပြီး စားသုံးစရာမရှိ၊ နေထိုင်စရာမရှိ၊ အတိဒုက္ခရောက်နေကြရတယ် ဆိုတဲ့အကြောင်းကို မိန့်တော်မူပါတယ်။ ဒါဟာ လူဘဝတုန်းက မယားစားဘို့ သားစားဘို့ ဂေဟာသိတပေမနဲ့ ရှာခဲ့ကြတာပါပဲ။

သတိတရားထားပြီး အမှားမဖြစ်ဘို့ လိုအပ်ပါတယ်။

## မယားကို ချစ်လွန်းလို့

သီဟိုဠ်ကျွန်းက တောရွာတရွာမှာ လူတယောက်ဟာ အစ်ကို၏ မယား (မရီး) နှင့်ဖောက်ပြန်ကျူးလွန်နေတယ်။ ထိုအမျိုးသမီးကလည်း သူခင်ပွန်းထက် မတ်ဖြစ်သူကို သာပြီးချစ်မြတ်နိုးတဲ့အတွက် သူ့အစ်ကိုကို လုပ်ကြံသတ် ပြတ်ဖို့ မတ်ဖြစ်သူအား တိုက်တွန်းပါတယ်။ ‘ဟာ–နင်ဒီလိုမပြောပါနဲ့၊ မပြောသင်ဘူး’ လို့ မတ်ဖြစ်သူက ပြောတယ်။ နင် မသတ်ရင် နင်နဲ့ငါအကြောင်းကို နင့်အစ်ကိုသိတာနဲ့ နင့်ကို သူက သတ်မှာပဲလို့ မိန်းမတို့၏ မာယာနဲ့ သုံးကြိမ်လောက် ပြောလိုက်တော့ ‘ဘယ်လိုလုပ်ပြီး သတ်ရမလဲ’ လို့ မေးတယ်။ ဒီတော့ မရီးဖြစ်တဲ့ သူက ‘ဟို ခံတက်ပင်ကြီး ရေဆိပ်က ပဲခွပ်လက်နက်နဲ့စောင့်နေပါ၊ အဲဒီကို နင့်အစ်ကို ငါလွှတ်လိုက်မယ်’ လို့ ပြောတော့ မတ်ဖြစ်သူက သွားပြီး ပုန်းကွယ်စောင့်ပါတယ်။ ခင်ပွန်းဖြစ်သူ တောကအလုပ်လုပ်ပြီး အိမ်ပြန်လာတဲ့အခါ ဇနီးဖြစ်သူက ချစ်မြတ်နိုးတဲ့အနေနဲ့ ခေါင်းက ဆံပင်များကို ယုယုယယနဲ့ ဖီးပေးနေပြီး ‘ဆံပင်တွေက ညစ်ပေလွန်းပါတယ်၊ ဟို ခံတက်ပင်ကြီးရေဆိပ်သွားပြီး ခေါင်းလျှော်လိုက်ပါအုံး’ လို့ပြောပြီးလွှတ်လိုက်တယ်။ ခင်ပွန်းဖြစ်သူက ‘ငါ့ဇနီးဟာ ငါ့အား အင်မတန် ယုယုယယနဲ့ ပြုစုပေတယ်’ လို့ အောက်မေ့လျက် ရေဆိပ်သွားပြီး ခေါင်းလျှော်ဖို့ ပြင်ဆင်နေတယ်။ အဲဒီအချိန်မှာပဲ ညီဖြစ်သူက ထွက်လာပြီး ပဲခွပ်နဲ့ ခုတ်သတ်လို့ သေဆုံးသွားရှာပါတယ်။

သေပြီးတဲ့နောက်မှာ ဇနီးကိုတပ်မက်တွယ်တာတဲ့ တဏှာပေမကြောင့် အဲဒီအိမ်မှာပဲ ထန်းမြွေလာဖြစ်ပါတယ်။ သူ့ဇနီးအား တပ်မက်တွယ်တာနေတဲ့အတွက် မြွေဟာ အိမ်အမိုးမှ ဇနီးရဲ့ ကိုယ်ပေါ်ကို သူ့ကိုယ်ကို ဖြုတ်ဖြုတ်ချ နေသတဲ့။ မိန်းမက သူ့ခင်ပွန်းဟောင်း ဖြစ်မှာပဲလို့ ကြံတွေးပြီးတော့ အဲဒီမြွေကို သတ်ခိုင်းတယ်။

မြွေဘဝက သေပြန်တော့ ချစ်ခြင်းကမကင်းတဲ့အတွက် အဲဒီအိမ်မှာပဲ ခွေးဖြစ်ရှာပါတယ်။ ခွေးကချစ်တဲ့ စိတ်ဇော နဲ့ သူ့ဇနီး သွားရာနောက်ကို တကောက်ကောက်နဲ့လိုက်နေတယ်။ မခွါရက်ဘူး၊ တောထဲသွားလဲလိုက်တာဘဲ။ ဒီတော့ လူတွေက ‘ဟေ့ ခွေးမုဆိုး ထွက်လာပြီ ဘယ်အရပ်သွားမလဲ’ လို့ ပြောင်လှောင်ပြောဆိုကြတယ်။ ဒီတော့ ဒီခွေးကိုလည်း သတ်ခိုင်းပြန်တယ်။ ခွေးဘဝကသေတော့ အချစ်က မပြယ်သေးတဲ့အတွက် အဲဒီအိမ်မှာ နွားဖြစ်ပြန်တယ်။ နွားကလေးကလည်း ဇနီးဟောင်း နောက်ကို တကောက်ကောက်နဲ့လိုက်နေတယ်။ ဒီလို လိုက်နေတာကိုမြင်တော့ လူတွေက ‘ဟေ့ နွားကျောင်းသားထွက်ပြီ နွားတွေ ဘယ်စားကျက်မှာ ကျက်စားကြ မလဲမသိဘူး’ လို့ လှောင်ပြောင်ကြပြန်တယ်။ အဲဒီနွားကလေးကိုလည်း သတ်ခိုင်းပြန်တယ်။ သူ့ဇနီးဟောင်း အပေါ်မှာ ချစ်စိတ်က မပျယ်နိုင်သေးရှာတဲ့အတွက် နွားဘဝကသေတော့ ဇနီးဟောင်းရဲ့ ဝမ်းမှာဘဲ ပဋိသန္ဓေနေပြီး လူဖြစ်လာတယ်။

လူဘဝ၊ မြွေဘဝ၊ ခွေးဘဝ၊ နွားဘဝနဲ့ ရှေးက လေးဘဝတိုင်တိုင် မိန်းမသတ်လို့ သေခဲ့ရတာတွေကို ပြန်လည် အောက်မေ့နိုင်တဲ့ ဇာတိဿရဉာဏ်ကိုရတဲ့အတွက် ရန်သူမိန်းမရဲ့ဝမ်းထဲမှာ လူလာဖြစ်ရလေခြင်းလို့ ဆင်ခြင်ပြီး စိတ်မချမ်းမသာဖြစ်နေရှာပါတယ်။ ဇနီးဟောင်းဖြစ်တဲ့ မိခင်၏လက်နဲ့ကို ကလေးကအထိမခံဘူးတဲ့၊ သားလေး သားလေးဆိုတဲ့အနေနဲ့ မိခင်က လက်ဖြင့်ကိုင်တာနဲ့ ခလေးကအပြင်းအထန် ငိုတော့တာပါဘဲ။

ဒါကြောင့် ခလေးကို အဘိုးဖြစ်သူက ပြုစုစောင့်ရှောက်ခဲ့ရတယ်။ စကားပြောနိုင်တဲ့အရွယ်ရောက်တော့ အဘိုးဖြစ်သူက ‘ငါ့မြေး မင်းအမေထိတာနဲ့ ဘာကြောင့်ငိုသလဲ’ လို့မေတယ်။ ဒီမိန်းမကြီးဟာ သူ့အမေမဟုတ် ဘူး၊ လေးဘဝတိုင်တိုင်သတ်ခဲ့တဲ့ ရန်သူဘဲလို့ ဖြစ်ခဲ့ပုံ သတ်ခဲ့ပုံတွေ အကုန်ပြောပြတယ်။ ဒီတော့ အဘိုးဖြစ်သူက ယခင်ဘဝက သားသံယောဇဉ် ယခုမြေး သံယောဇဉ်နဲ့ ပွေ့ဖက်ပြီး ငိုရှာပါတယ်။ ‘လာပါကွယ် ငါ့မြေး ငါတို့မှာ ဒီအရပ်နေခြင်းဖြင့် အကျိုးမရှိပါဘူး’ လို့ပြောပြီး မြေးကလေးနဲ့အတူ ကျောင်းတိုက်တခုသွားပြီး ရှင် ရဟန်းပြု လိုက်ကြတယ်။ နောင်သောအခါ မြေးရော အဘိုးဖြစ်သူရော ရဟန္တာဖြစ်သွားကြပါသတဲ့။ ဒီဝတ္ထုမှာ ပြောလိုရင်းက ခင်မင်တွယ်တာမှုဆိုတဲ့ တဏှာပေမကြောင့် ‘တဏှာယ ဇာယတေ သောကော၊ တဏှာယ ဇာယတေ ဘယံ’ တဏှာကြောင့် ဘဝသံသရာဆင်းရဲပုံ မယားကိုချစ်လွန်းလို့ ဒုက္ခရောက်ပုံ သိစေလိုရင်းပါပဲ။

## မျက်မှောက်ခေတ် ငွေလေးဆယ်

မုံရွာခရိုင်၊ မြို့တစ်မြို့၌ ငွေတိုးပေး ချေးငှားပြီး စီးပွားရှာနေတဲ့ သူဌေးကြီးတစ်ယောက် ဗြိတိသျှခေတ်တုံးက ရှိခဲ့ဘူးတယ်။ လယ်ယာသမား တစ်ဦးထံမှာ အကြွေးကိုတောင်းတယ်။ လယ်သမားက အကြွေးပေးဆပ်ပြီး ကြောင်း နေ့၊ ရက်နဲ့ပြောပြတယ်။ ကြွေးရှင်သူဌေးက လက်မခံဘူး။ မဆပ်ရသေးပါဘူး။ ဆပ်ပါ ဆပ်ပါ အထပ်ထပ် ပြောပြီး နောက်ဆုံးတော့ ‘ကြွေးဆပ်ပြီးဖြစ်ပါလျက် ထပ်တောင်းတာဖြစ်လို့ရှိရင် အဲဒီထပ်ပြီးဆပ်ရတဲ့ ငွေလေးဆယ် အတွက် မင်းအိမ်မှာ ငါကျွဲဖြစ်ရပါစေ˜လို့ ကျိန်ဆိုပြီး အတင်းပဲထပ်တောင်းပါတယ်။ ဒီတော့ ဆင်းရဲသားလယ်သမားဟာ ပေးဆပ်ပြီးဖြစ်ပါလျက် ငွေလေးဆယ်ထပ်ပြီးပေးဆပ်လိုက်ရပါတယ်။

ကြွေးရှင်သူဌေးကြီး သေပြီးနောက် လယ်သမားအိမ်မှာ ကျွဲကလေးတစ်ကောင်မွေးတယ်။ ဒါကြွေးရှင် သူဌေးကြီး ဖြစ်မှာပဲလို့ ထင်ပြီး ယခင်ခေါ်နေကြအတိုင်း ဆရာ ဆရာ လာပါ လာပါ လို့ခေါ်ကြည့်တယ်။ ကျွဲကလေးက လာတယ်။

ရှေ့လဆက်ရန်–

# လူ၏မြင့်မြတ်မှု

မောင်သလ္လာ

vIqwm taUumi;tusK;ç taumi;tq;uorf? re ueon rreueon? tusK;½on r½onu aumi;pmoem;vnjy; u, tusK; csn;om rlunb rrowyg; EpO; om; wU \ tusK; a½;½Uum r|wpmjyKvy aqmi½uwwr vI[ac:on/

½yoPme taeeU wIvm½rIjzi vIvUrac: q eKiyg vIqwm veUwr vUt&ntao;½r vyoi on rvyoionu cjcm;em;vnaom ÓPynm½r vIvUac:& ygon/ wu, awm vUb0web;u tqi; ½yum, vyrIç ypn;Opm pea½ai &wem aygrsm;rIç twwynm wwuIr;rrsm;Ei rq; jzwyg arwm t&i;cw jrijrwaom u, usiw&m; rsm;jziom q;jzwygon/

ÓPynmuv ynmppç ynmwEprsK; ½\? xwi uEiu\tusK;u owwaom ÓP ynmç pmayusr;*e\ t"yg, reu em; vn oabmaygu aom ÓPynmç 0yóem ÓPç r*ÓP zv ÓPrsm;Ei b&m;½i\ oA nIw ÓPwiatmi tjypui;aomto tvrm ÓPynm[orf on ynmtppjzp\/

yg;eyoI[ ac:&owUoEme0, wzu om; oabmusavmuatmi [eyeavoaqmi wwç ajymwwa[mwwaomÓPynmç tc;t0utvn tpm; ÓPynmç tvrtnm y&,m, rm,m ÓP ynmrsm;on ynmwrsm; jzpavon? t'v ynmtweUtpp ujym;rK ½jy; wu,we; ynmtppEi u,usiw&m; aumi;ygr v\ jrijrwyu 'Ceum, ovuE0* aomP'@ow rmA'jrwpma[mlum;xm;ygon/

yPm;wUuacgi;aqmií aomP'@ yPm; on A'jrwpmxyg;oU a&mu½vm\ xtcu A'jrwpmu ar;awmrIon? aomP '@ rnon*Pt*g t&ntcsi;awEi jyn paomou (jAm[P) raumi;rIr tyjyIjy; aomo ac:oen;¿ [ar;awmr&m atmuygt &ntcsi;rsm;u jyeUum; avQmuxm;avon?

1/ Epburb trsK;Zmwaumi;jci;/

2/ a0'o;usr;u wzuur;a&muatmi wwajrmujci;/

3/ ½csiz, aumi;aom ½yt qi;EIjynpjci;/

4/ u, usioIvaumi;jci;/

5/ ÓPynm½jci; þ*Pt*g (5)yg; EIjynpaomoIon (jA[P) raumi;rIr tyjyK jy;aomojzpygon[ ajzlum;avon/

jrwA'u wzeqpíqpí ar;awmrjye on aomP'@ þ (5)yg;xu wpyg; cIw, i; vIi aum¿ tqi;uy, vIi jzpyg on? use(4)yg;xu wpyg;cIw, i;vIi aum¿ rEme (a0')u y, vIijzpygon? (3)yg;xu wpyg;uy, vIi aum¿ trsK;Zmwu y, vIi jzpygon?use(2)yg; xuwpyg;yg; y, vIiaum jzpeKiao;ovm;¿ rjzpeKi awmyg? tusioIvvaumi;ç ÓPynmv½r jAm[P ac:eKiygon/

þwi aomP'@ ajzlum;yrsm;u , i;Ei twvmluaom yPm;wUu raus eyluacs? aomP'@ oium; tqi;uy, \? a0'uy, \? trsK;Zmwuy, \? þoUqvIi oion a*gwr t, 0g'u vucae jci;jzp\ [ qluue\/

xItcg A'jrwpmu oiwUon aomP '@tm; tlum;tjrir½ acsipum;rqww ÓPynm r\[ txi½luvIi oiwUom igEi pum; qluavm aomP'@wi t&ntcsi; rsm; jynp\ [ , qluvIi oUuom ajymap avm[ reUawmr\/ þwi aomP'@u ½ia*gwr tomae avm uIely acsy ajymqt[ qavon/

xUaemu aomP'@on aemu vIu jAm[Prsm;tm; p;p;&&lunjy;o&wawmu vunK; nevIu t*uulunluavm &[e; a*gwrrwyg; ov tqi;vor½? rEme aqmieKio e*@( Asmu½P;usr; a0'o;usr; £w[mousr;wUu wbuur;a&mu wwajrmuojzp\ oon pmqynm½ Epburb trsK;Zmwaumi;\? oUaom

t*uon olt ouuuowtç olOpmuc;tç olom; r,m;u jyprm;usL;vetç rom;pum; ajymqtç ao&nt&uaomut? þig;yg; rvjcKv@i oltqi; oltwwynm usr;pm rsm;on bmtusK;jzprnen;? trsK;Zmw aumi;jci;onvn; wez;½rnavm¿ tyPm;wl ajymMum;Muueavm [ qaomtcg yPm;wl on qwqwaeMuavon/

þüA'jrwpmu xyíar;awmrjye\ u,usi ovEi ÓPynm½jci; wyg;wyg; cRw ,i;v@i aum¿ aomP'@u rqi;rw ajzavon y,í rjzpawmyg ynmu tusi ovjzi aq;aMum&ov tusiovu ynmjziaq;aMum&\? tusiov ½oxwi ynm½\? ynm½oxwi tusiov½\? ol aomtusiovu ynm\O;aqmia½lom;tjzp totrwjyKty\/

A'jrwpmum; tusiovEi toÓP ynmwlu v\jrijrwrKtwu y"me*P&n tjzp owrwawmr\ tusiovEi to ÓP ynm jynpaomojzpv@i rnon ta&mitqi; yi ½apumr xy*Kvum; jrijrwaomoaywn;[ A'jrwpmu a[mMum;awmravon/ /

olrsm;tjypu rajymwm uavom
Nir;weoavmu Nir;w,

w&m;tm;xww,qwm tjci;ç emjci;ç aojci; ui;atmi qi;&cyor;ui;atmivY tm;xw& wm? tm;xwvY w&m;jynpNyqawm pwvy aumi;om;w,? w&m;rjynp,i pwuu w, raumi;b;?u,tusK;awuMunNy; olrsm; tusK;r awu Buvuç pnvuç pwu;vuç ajymqvu- t'vrawmroiwmawu vyww w,? w&m; jynp,iawm tjypawl,iawmir oltjypeY oy qNy; olrsm;tjypu rajymb vspvsL½Eiw,/
oltjypeYoyqNy; Ev;oi;xm;Eiw,? olrsm;aw 'ua&muatmiawm rajymb;? t'awm pwawv aumi;? uavomawv ui;weoavmuui;om; w,? awmawmae&musygw,? rawmroiw tr awvt'awm ui;om;wmy? 'gaMumi w&m; jynpatmi ½½aoao w&m;u tm;xwMuzY ti rwe aumi;ygw,? w&m;rjynpao;w y*Kvu jynpatmi jynpw y*Kvuv w;wuatmi tcse&oavmu tm;xw&r,/

မဟာစည် ဆရာတော် ဘုရားကြီး

## Tribute to Daw Phwa Tint.

We, the Britain Burma Buddhist Trust is very indebted to Daw Phwa Tint (Mrs Susie Philips) for her enormous generosity in remembering this vihara in her will. Daw Phwa Tint was born on 29th January 1904, daughter of U Sai and Daw Thein of Chauk, Yenangyaung and widow of Mr. Dennis Charles Philips (CMG) who died in 1998. Daw Phwa Tint died in 2002 at Ashfield Rest Home, Exmouth, Devon at a ripe old age of 96 years. She was a devout Buddhist who also donated considerable sums of money to many monasteries both outside Myanmar and within Myanmar namely Chauk , Yenangyaung and Mandalay. She was a personal friend of the late U Khin (ex BBC) who knew Commissioner DC Philips and his wife Daw Phwa Tint for many years. She visited this vihara on many occasions accompanied by U Khin and Daw Aye Mya Khin and was very impressed by this vihara.
Due to this donation the vihara will be able to continue and progress. We are always grateful for any contributions/donations for the upkeep of this very first Burmese Vihara in London.
May this meritorious deed guide her on the path leading to Nibbana.

Sadhu! Sadhu! Sadhu!



ကျောင်းအမကြီးဒေါ်ဖွားတင် ဆရာတော်အားဆွမ်းကပ်နေစဉ်

# မ မေ့မ လျော့ကြ နှင့်

အရှင်တောသန (မန်း–တက္ကသိုလ်)

ဤလောကတွင် လူ့ဘဝကို ရဘို့ရန် ခဲယဉ်းခြင်း၊ သတ္တဝါတွေ အသက် ရှည်ရှည် နေရဘို့ရန် ခဲယဉ်းခြင်း၊ သူတော်ကောင်း တရားနာကြားခွင့် ရဘို့ရန် ခဲယဉ်းခြင်း၊ ဘုရား တစ်ဆူ တစ်ဆူ ပွင့်ပေါ်ဘို့ရန် ခဲယဉ်းခြင်း စသည်အားဖြင့် ရနိုင်ခဲသော အရာတို့မှာ အမျိုးမျိုးရှိပေသည်။

ထိုရခဲလှစွာသော အရာများကို ရလာခဲ့လျှင် တန်ဖိုးရှိရှိ အသုံးချတတ်ကြဖို့ရန် လိုအပ်ပေသည်။ ရရှိလာသော အခွင့်အရေးကို လက်မလွှတ်သင့်ပါချေ။ ထိုရခဲခြင်း အမျိုးမျိုးတို့တွင် လူ့ဘဝရနိုင်ခဲပုံနှင့်ရရှိလာသည့် အခွင့်အရေးကို တန်ဖိုးရှိစွာ အသုံးချပုံ အကြောင်းကို တင်ပြလိုပါသည်။

မှန်ပေသည်။ လူ့ဘဝကို ရဘို့ရန် အင်မတန် ခဲယဉ်းပေသည်။ ခဲခဲယဉ်းယဉ်းနဲ့ ဒီလူ့ဘဝကြီးကို ရနေကြခြင်းဖြစ်ပေသည်။ လူ့ဘုံလူ့လောကမှာ လူတွေဆိုတာ အများကြီးပဲ အပေါ်ယံကြည့်ရင် ထင်ရပါတယ်။ လူဆိုတာ သတ္တဝါ ပါပဲ။ သတ္တဝါ အနန္တလို့ ပြောနေကြတာ ကြားဖူးမှာပါ။ အနန္တဆိုတာ အဆုံးအပိုင်းအခြားမရှိ များပြားတယ်လို့ ဆိုလိုပါတယ်။ လောကမှာ မြင်တွေ့နေရတဲ့ တိရစ္ဆာန် သတ္တဝါတွေဆိုတာရှိတယ်။ အဲဒီ တိရစ္ဆာန် သတ္တဝါတွေနဲ့ လူဆိုတဲ့ သတ္တဝါတွေကို နှိုင်းယှဉ်ကြည့်လိုက်မယ်ဆိုရင် ဘယ်သူက အရေအတွက်များနေတာကို တွေ့ရမလဲ။ တိရစ္ဆာန်သတ္တဝါတွေက များနေတာကို တွေ့ရမယ်။ ထိုအပြင် ရေမှာရှိတဲ့သတ္တဝါတွေ ကုန်းမှာနေကြတဲ့ သတ္တဝါတွေ ဘယ်လောက်များသလဲ။ ရေတွက်လို့ မရနိုင်လောက်အောင် များပြားနေကြပါတယ်။ လူတွေကတော့ ရေတွက်လို့ရသေးတယ်။ သန်းပေါင်းဘယ်လောက် စသည်ဖြင့် ရေတွက်နေကြတယ်လေ။ ကမ္ဘာ့လူ ဦးရေ စစ်တမ်းတို့ ဘာတို့ဆိုတာ နှစ်စဉ်ထုတ်ပြန်နေတာတွေ့ရမှာပါ။ တစ်နှစ်တစ်နှစ် ဘယ်လောက်ရှိတယ်။ ဘယ်နှစ်လောက်ကြရင် ဘယ်လောက် တိုးပွားမယ် စသည်ဖြင့် ရေတွက်နေကြတယ်။ ရေတွက်လို့လဲရနေကြ တယ်။ တိရစ္ဆာန် သတ္တဝါတွေနဲ့ နှိုင်းယှဉ်ကြည့်ပါလား။ တိရစ္ဆာန်သတ္တဝါတွေကြတော့ ရေတွက်လို့မရလောက် အောင်များပြားလှပါတယ်။ ဒါ မျက်စိဖြင့်မြင်နိုင်တဲ့ တိရစ္ဆာန်သတ္တဝါတွေနဲ့ ယှဉ်ပြလိုက်တာပါ။ မျက်စိနှင့်မမြင်နိုင်ကြတဲ့ အပါယ်ဘုံသား သတ္တဝါတွေ၊ သုဂတိဘုံသား သတ္တဝါတွေ၊ ဗြဟ္မာဘုံသား သတ္တဝါတွေဆိုပြီး ရှိပါသေးတယ်။ ဒါတွေက မျက်စိဖြင့်မမြင်နိုင်လို့။ မျက်စိဖြင့်မြင်နိုင်တဲ့ တိရစ္ဆာန်သတ္တဝါတွေနဲ့ပဲ နှိုင်းယှဉ်ကြည့်ရုံနဲ့ လူ့ဘဝ လူဖြစ်ရတာ ဘယ်လောက်ရခဲသလဲဆိုတာ သိနိုင်ပါတယ်။

နခသိခသုတ်တော်မှာ မြတ်စွာ ဘုရားက သူ့ရဲ့ လက်သည်း ပေါ်မှာ မြူမှုန် လေးတွေကို တင်ပြီးတော့ ရဟန်းတော် တွေကို မေးတော်မူပါတယ်။ 'ချစ်သား ရဟန်းတို့ ငါဘုရားရဲ့ လက်သည်းပေါ်မှာ တင်ထားတဲ့ မြူမှုန် တွေနဲ့ မဟာပထဝီမြေကြီးပေါ်မှာရှိတဲ့မြူမှုန်တွေဟာဘယ်က များသလဲ' လို့မေးတော်မူတယ်။

ရဟန်းတော်တွေက 'ဘုန်းတော်ကြီးတော်မူသော မြတ်စွာ ဘုရား၊ မြတ်စွာဘုရား၏ လက်သည်းပေါ်မှာရှိနေတဲ့ မြူမှုန် တွေဟာ မပြောပလောက်ပါဘုရား၊ မဟာပထဝီမြေကြီးပေါ်မှာရှိနေကြတဲ့ မြူမှုန်တွေက အင်မတန်မှ များလှပါတယ်ဘုရား' လို့ လျှောက်တင်ကြတယ်။

ဒီအခါမှာ ဘုရားရှင် ကိုယ်တော်မြတ်က 'ချစ်သားရဟန်းတို့ လူ့ဘုံလောကမှာ သေပြီးတော့ လူ့ဘုံလောကကို ပြန်ရောက်တဲ့ ပုဂ္ဂိုလ်ဟာ ငါဘုရားရဲ့ လက်သည်းပေါ်က မြူမှုန်လောက်သာရှိတယ်။ လူ့ဘုံလောကမှ သေပြီးတော့ အပါယ်လေးဘုံ ကျရောက်တဲ့ သတ္တဝါတွေက မဟာပထဝီမြေကြီးပေါ်မှာရှိနေတဲ့ မြူမှုန်တွေလောက်များတယ်။ နတ်ပြည် ဗြဟ္မပြည်ရောက်တဲ့ ပုဂ္ဂိုလ်တွေလဲ လက်သည်းပေါ်က မြူမှုန်လောက်ပဲရှိတယ်' လို့ ဟောကြားတော်မူခဲ့ပါတယ်။ ဒီဒေသနာတော်ကို ကြည့်ရင် လူ့ဘဝကို ရနေကြတဲ့ သတ္တဝါတွေ ဘယ်လောက် နဲသလဲဆိုတာ၊ ဘယ်လောက် ရနိုင်ခဲသလဲဆိုတာ သိနိုင်ပါတယ်။ ထိုရနိုင်ခဲသော လူ့ဘဝကို ရနေခိုက်မှာ တန်ဖိုးရှိရှိ အသုံးချသင့်ပေသည်။ ဘုရားရှင် လက်ထက်တော်အခါက လူ့ဘဝကို တန်ဖိုးရှိစွာ အသုံးချသွားသူ တစ်ယောက်အကြောင်းကို တင်ပြပါမည်။

မြတ်စွာဘုရားလက်ထက်တော်ကာလက ပေါင်ဒိုရိယရွာစား၏သား သောဏဆိုသော စစ်သူကြီးတစ်ယောက်ရှိခဲ့သည်။ ၎င်းစစ်သူကြီးဟာ အဆူဆူသော ဘုရားရှင်တို့ရဲ့ လက်ထက်မှာ ဝိဝဋ္ဋနိဿိတဒါန သီလဘာဝနာ ကောင်းမှုတွေကို ပြုခဲ့တယ်။ ၃၂–ကမ္ဘာထက်မှာ ပွင့်တော်မူတဲ့ သိခီမြတ်စွာဘုရား လက်ထက်မှာ မုဆိုးလုလင် တစ်ယောက်ဖြစ်တုန်းကလဲ သိခီမြတ်စွာဘုရားအား ကုရဇ္ဈိယလို့ခေါ်တဲ့ သစ်သီးခဲဘွယ်ကို စေတနာသုံးတန် ပြဋ္ဌာန်းပြီး ဆက်ကပ်လှူဒါန်းခဲ့ဘူးတယ်။ အဲဒီလိုပြုစုထားသော ကောင်းမှုကံတို့ကြောင့် ဂေါတမမြတ်စွာဘုရား လက်ထက်တော်အခါ၌ ကပိလဝတ်နေပြည်တော်မှာပေါင်ဒိုရိယရွာစားရဲ့သား သောဏဆိုတဲ့ လုလင်လာဖြစ်တယ်။ အရွယ်ရောက်တဲ့အခါ ဘဒ္ဒိယမင်းကြီးထံမှာ စစ်မှုထမ်းတော့ စစ်သူကြီးရာထူးကို ရရှိတယ်။

အဲဒီအချိန်မှာ ဘဒ္ဒိယမင်းကြီးကလဲ သံဝေဂတရားတွေဖြစ်ပြီးတော့ တောထွက်ရဟန်းပြုသွားတယ်။ ဒီအခါမှာ သောဏစစ်သူကြီးက စဉ်းစားတယ်။ ဘဒ္ဒိယ မင်းကြီးသော်မှ တိုင်းပြည်တွေ၊ စည်းစိမ်ချမ်းသာတွေ၊ ဇနီးမယား သမီးသားတွေကို စွန့်ခွာပြီးတော့ ရဟန်းပြုနိုင်သေးရင် ငါလဲဒီလို အိမ်ရာ တည်ထောင် လူ့ဘောင်မှာနေသဖြင့် ဘာအကျိုးရှိမှာလဲ၊ တောထွက်ပြီး ရဟန်းပြု

မယ်လို့ စဉ်းစားဆုံးဖြတ်ပြီးတော့ မြတ်စွာဘုရား၏ သာသနာတော် ဘောင်အတွင်း ဝင်ရောက်ပြီး သောဏစစ်သူကြီးဟာ ရဟန်းပြုသွားတယ်။

ဒီဘဒ္ဒိယမင်းကြီးတို့ သောဏစစ်သူကြီးတို့ဆိုတာ သာမန်ပုဂ္ဂိုလ်တွေ မဟုတ်ဘူး။ တိုင်းပြည်ရဲ့အာဏာတွေ၊ မင်းရဲ့ စည်းစိမ်တွေကို ပိုင်ဆိုင်ထားကြတဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်။ သို့သော်လဲ ရှေ့ဘဝက ပြုခဲ့တဲ့ ကောင်းမှုပါရမီတို့ကြောင့် သူတို့ရထားတဲ့ ဒီစည်းစိမ်တို့ရဲ့ အပြစ်တွေကို မြင်ပြီးတော့ စွန့်လွှတ်နိုင်ကြတယ်။ သာမန်ပုထုဇဉ်တွေ အာသာငန်းငန်း စွဲလမ်းနှစ်သက်နေတဲ့ စည်းစိမ်တွေရဲ့အပြစ်တွေကို မြင်နိုင်ကြတယ်။ ဒီလို မြင်နိုင်တာဟာ ပညာရှိသူတော်ကောင်းတွေသာဖြစ်လို့ အပြစ်တွေကို မြင်နိုင်ခြင်းဖြစ်တယ်။

ကာမဂုဏ်တွေစွန့်ပြီး ရဟန်းပြုခဲ့ပေမဲ့ ရဟန်းအဖြစ်ကိုရတဲ့ နောက်မှာတော့ သောဏရဟန်းကြီးဟာ ကိလေသာ မာန်ရဲ့ လှည့်စားမှုကြောင့် ရဟန်းဘဝရောက်တဲ့အချိန်ကစပြီး သူ့ရဲ့ မူလရည်ရွယ်ချက်တွေ လမ်းစပျောက်ပြီး အိပ်ကာစားကာနဲ့ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်နေတယ်။ ရဟန်းတရား အားမထုတ်ပဲနေတယ်။

အဲဒီလို နေထိုင်နေတာကို မြတ်ဗုဒ္ဓက အနုပိယမြို့၊ သရက်ဥယျာဉ် အတွင်းမှ လှမ်းပြီးတော့ ကြည့်လို့ မြင်တော်မူတယ်။ သိတော်မူတယ်။ အော် ငါဘုရားရဲ့ သာသနာတော်မှာ သောဏဆိုတဲ့ စစ်သူကြီးဟာ ရဟန်းဝတ်ပြီးတော့ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် ပမာဒတရားတွေ လွှမ်းမိုးပြီးတော့ နေပါပေါ့လား။ ရဟန်းတရားတွေ လက်လွှတ်ပြီးနေပါပေါ့လား။ ဒီသောဏရဟန်းကြီးကို သတိသံဝေဂရစေလျက် မဂ်ဖိုလ်ရကြောင်း တရားကောင်းတွေကို အားထုတ်နိုင်အောင် တရားဟော ဆုံးမဦးမှဘဲဆိုပြီး မြတ်ဗုဒ္ဓဆင်ခြင်တော်မူပြီးတော့ အနုပိယသရက် ဥယျာဉ်အတွင်းမှ ဩဘာသရောင်ခြည်တော်တွေ လွှတ်ပြီးတရားလှမ်းဟောတော်မူပါတယ်။ ‘ချစ်သားသောဏ အခုလို ဆန်းကြယ်သော နက္ခတ်ပန်းတို့ဖြင့် ကြည်လင်တောက်ပသော၊ သားငှက်တိရစ္ဆာန် လူသံတွေဆိတ်ငြိမ် နေတဲ့ ညဥ့်အခါမှာ အိပ်စက်နေလို့မသင့်ဘူး။ အိပ်စက်ဘို့ အချိန်ပေးထားတာ မဟုတ်ဘူး၊ သဒ္ဓါ ပညာ လုံ့လ ဉဿာဟရှိတဲ့ သူတော်ကောင်းတွေအတွက် ရဟန်းတရားအားထုတ်ရန်သာ ဖြစ်တယ်။ ဒါကြောင့် သင်ချစ်သား သောဏသည် မမေ့မလျော့သော သတိတရားဖြင့် ရဟန်းတရားကို အားထုတ်ပါ’ လို့ သတိပေး တိုက်တွန်းတော်မူ တယ်။

ဒီအခါမှာ သောဏရဟန်းကြီးဟာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားတယ်။ သံဝေဂတွေ အရှက်အကြောက်တွေ ဖြစ်ပြီးတော့ အဗ္ဘောကာသိက ဓုတင်ကို ဆောင်တယ်။ ဆောက်တည်တယ်။ အဗ္ဘောကာသိက ဓုတင်ဆိုတာ ကျောင်းစတဲ့ အရိပ်အမိုးရှိတဲ့ အရပ်တွေမှာ မနေဘဲ အမိုးအကာကင်းတဲ့ လွင်ပြင်မှာနေတာကို ခေါ်ပါတယ်။ သောဏရဟန်းကြီးဟာ ဘုရားရှင်သတိပေးပြီးတဲ့ နောက် အဲဒီ အဗ္ဘောကာသိကဓုတင်ကို ဆောက်တည်ပြီး တရားအားမထုတ်ခင်လေးမှာစဉ်းစားခန်းလေးတစ်ခုထုတ်တယ်။

ဘယ်လိုစဉ်းစားမိလဲဆိုတော့ ‘ငါဟာလူဖြစ်စဉ်အခါက စစ်သူကြီးဘဝနဲ့ တိုက်ဆင်ကြီးရဲ့ ကျောက်ကုန်းထက်မှာ တိုက်ပွဲဝင်ရင်း အဲဒီ တိုက်ဆင်ကြီး ကျောက်ကုန်းပေါ်ကကျပြီး ဆင်နင်းသတ်လို့ သေသွားတာကမှ မြတ်သေးတယ်။ အခု ရဟန်းပြုထားသည့်ငါသည် ရဟန်းဖြစ်ပါလျက် ကိလေသာစစ်ပွဲမှာ ရှုံးပြီးတော့ အရှုံးနဲ့ သေရခြင်းက မမြတ်ဘူး’ တဲ့။ အဲဒီလို ဆင်ခြင်အားတင်းပြီးတော့ ရဟန်းတရားဖြစ်တဲ့ ဝိပဿနာ ဘာဝနာတွေကို အပြင်းအထန်ကြိုးစားအားထုတ်လိုက်တာ မကြာခင်မှာပဲ အရဟတ္တမဂ် အရဟတ္တဖိုလ်ဆိုက်ပြီးရဟန္တာဖြစ် သွားတယ်။

ဤသောဏရဟန်းကြီး၏ ဖြစ်စဉ်ကို အတုယူလျက် အလွန်အင်မတန် ရခဲလှသည့် လူ့ဘဝကို မိမိတို့ ရရှိနေခိုက် အချိန်တွင် မြတ်ဗုဒ္ဓ၏ သတိပေး တိုက်တွန်းချက်အတိုင်း မမေ့မလျော့သော သတိတရားတို့ဖြင့် ဝိပဿနာတရားများကို ကြိုးစားအားထုတ်ကြပါဟု ထပ်ဆင့် တိုက်တွန်းလိုက်ရပေသည်။



BBBT အဖွဲ့ ဉက္ကဋ္ဌကြီး ဦးမင်းတင်သောင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းနေစဉ်



လန်ဒန်ဝိဟာရကျောင်း သဟပုညကာရီအသင်း ဖွဲ့စည်းခြင်း (၁၉၊ ၉၊ ၂၀၀၅)

# ဘေးစကားယုံ အကုန်လုံးမှား

ဦးစန္ဒောဘာသ

ကုသိုလ် ပညာ ဥစ္စာရရေး, ကိုယ်၏ကျန်းမာခြင်း စိတ်၏ချမ်းသာခြင်းကိုရရှိရေး, ပစ္စုပ္ပန် တမလွန် နှစ်တန်သောဘဝတို့၌ ကောင်းမြတ်သော ဘုံဘဝတွေသို့ ရောက်ရှိရေးတို့မှာ ဗုဒ္ဓဘာသာဝင်အားလုံးတို့၏ မျှော်လင့်တောင့်တသော ဆုထူးဆုမြတ်ပင်ဖြစ်ပေသည်။ ထိုမျှော်လင့်တောင့်တချက်ကို အဓိကဖြည့်စွမ်းပေး နိုင်သော အကြောင်းရင်းကို လိုက်ရှာကြည့်မယ်ဆိုလျှင် ဘုရားရှင်ကိုယ်တော်တိုင် နည်းအမျိုးမျိုးပုံစံအမျိုး မျိုးဖြင့် အရာဌာနအားလျော်စွာ ဟောတော်မူထားသည်ကို လွယ်လင့်တကူ တွေ့ရှိနိုင်ပေသည်။ သမ္ပဒါလေးပါးတို့တွင် ကလျာဏမိတ္တသမ္ပဒါ (မိတ်ကောင်းဆွေကောင်းရှိခြင်း)။ စက်လေးပါးတို့တွင် သပ္ပုရိသူပ နိဿယစက် (ပညာရှိသူတော်ကောင်းဟူသောအမှီရှိခြင်း)။ မင်္ဂလာတရား ၃၈ပါးတို့တွင်လည်း မကောင်းသော သူတို့ကို ရှောင်ရှားပြီး ပညာရှိသူတော်ကောင်းတို့အထံတွင် နည်းခံဘို့ မင်္ဂလာဦးတရားအဖြစ်ဖြင့် ဟောတော်မူထားသည်တို့မှာ အလွန်မတန်ထင်ရှားလှပေသည်။ ဤတရားတော်အားလုံးသည် လူသားတို့ကောင်းစားရေးကို ဦးစားပေးဟောထားသော ဒေသနာတော်များဖြစ်ပေသည်။ မှန်ပေသည် မည်သည့် အကျိုးကိုဘဲတောင့်တတောင့်တ စစ်မှန်သော ပညာရှိ သူတော်ကောင်းတည်းဟူသော အမှီကောင်းကို မရခဲ့လျှင် မိမိတို့လိုလားသော လောကီလောကုတ္တရာ နှစ်ဖြာအကျိုးပွါးတိုးဘို့ရန်မှာ မလွယ်ကူလှပေ။ လောကသဘောအားဖြင့် တံငါနားနီးတံငါ မုဆိုးနားနီးမုဆိုးသာ ဖြစ်တတ်ပေသည်။ မရှုမလှပျက်စီးဆုံးရှုံး ကြရသော သာဓကအများစုမှာ ပညာရှိ သူတော်ကောင်းတို့နှင့် ဆုံတွေ့ခွင့်မရဘဲ မကောင်းသောသူတို့နှင့် ပေါင်းမှားမိကြသောကြောင့်ပင် ဖြစ်ရပေသည်။ ထိုခေတ်ထိုအခါက နိုင်ငံကျော် ကမ္ဘာကျော်ပုဂ္ဂိုလ်ထူးကြီး နှစ်ဦး၏ ရင်နင့်ဘွယ်ရာ ဖေါက်ပြန်ပျက်စီးခဲ့ကြပုံများကို သံဝေဂပွါးကြည့်ကြမယ်ဆိုရင်–တဦးသောပုဂ္ဂိုလ်မှာ ဘုရားရှင်နှင့်တွေ့၍ မကြာမြင့်မီပင် အာသဝေါကုန်ခမ်း ရဟန္တာဖြစ်ပြီး ကျွတ်တမ်းဝင်မည့်ပါရမီရင့်မာကြီး ဖြစ်တဲ့ အင်္ဂုလိမာလမထေရ် လောင်းလျာပင်ဖြစ်ပေသည်။ အင်္ဂုလိမာလမထေရ်လောင်းလျာလေးမှာ နောက်ဆုံးဘဝ ဖြစ်သည့်အားလျော်စွာ ခွန်အားဗလနှင့်လည်းပြည့်စုံ, ဉာဏ်ရည်ဉာဏ်သွားလည်းထက်မြက်, အဘက်ဘက်ကပြည့်စုံသည့်ပြင် ဆရာနှင့်ဆရာ့ဇနီးအပေါ်မှာပါ ဝတ်ကြီးဝတ်ငယ်ကျေပြွန်သူဖြစ်ပေသည်။ လိမ္မာရေးခြားရှိပြီး ထူးချွန်ထက်မြက်သော တပည့်လေးမှာ ဆရာ့မိသားစု၏ ချစ်ခင်ယုယမှုအရေးပေးမှု ကိုခံလာရတော့ မကြည့်ရက်မရှုစားနိုင်သော မနာလိုသူကျောင်းသားတစုမှာ အင်္ဂုလိမာလ၏ပျက်စီးမှုကို ရေးရှုကာ ဆရာ့ကတော်နှင့် လုပ်ကြံပြီး သတင်းဖြန့်ကြလေသည်။ လူ့ပတ်ဝန်းကျင်တွင် ကြောက်စရာအကောင်းဆုံးသော တရားတခုမှာ မနာလိုဝန်တိုမှုပင်ဖြစ်ပေသည်။

ကိုယ့်ထက်သာတာကို မနာလိုတာဣဿာ, ကိုယ်လိုသူတပါးမကောင်းစားစေချင်တာကမစ္ဆရိယဘဲ။ အခါတပါးမှာ သိကြားမင်းကြီးသည် ဘုရားရှင်ထံချဉ်းကပ်ပြီး မေးခွန်းတခုမေးတော်မူဘူးသည်= အရှင်ဘုရား လူနတ်ဗြဟ္မာသတ္တဝါအားလုံးတို့သည် ခိုက်ရန်ဒေါသဆိုတဲ့ ကိုယ်တွင်းရန်လဲကင်းပြီး နေချင်ကြပါတယ်၊ ဘယ်သူနဲ့မျှ ခိုက်ရန်ဒေါသမဖြစ်ရဘဲ နေလိုကြတယ်၊ လက်နက်ဖြင့် အနှိပ်စက်ခံရတဲ့ ဘေးဒဏ်ကလဲ ကင်းချင်ကြတယ်၊ ငွေကြေးပေးလျော်ရတဲ့ ဥစ္စာဒဏ်ကလဲ မသင့်ချင်ကြဘူး၊ ရန်သူလဲကင်းချင်ကြတယ်၊ စိတ်ဆင်းရဲလည်း ကင်းချင်ကြတယ်၊ စိတ်ဆိုးတဲ့ဒေါသလည်း အနည်းငယ်မျှ မဖြစ်ဘဲနေလိုကြတယ်၊ မိမိတို့ယုံကြည်အားကိုးတဲ့ ဘာသာရေးအရ ဘေးရန်အန္တရာယ်ကင်းရပါလို၏၊ ဆင်းရဲကင်းရပါလို၏၊ ချမ်းသာစွာနေရပါလို၏၊ စသည်ဖြင့်ဆုမွန်ကောင်းကိုလည်း တောင်းပြီးနေကြပါတယ်။ ဒါပေမဲ့ ဘေးရန်အန္တရာယ်တွေနဲ့ ဆင်းရဲတွေနဲ့ တွေ့နေကြရပါတယ်ဘုရား အဲဒါဟာ ဘယ်လိုသံယောဇဉ်နှောင်ကြိုးရှိနေလို့ပါလဲ? အဲဒီလိုမေးလျှောက်တဲ့အခါမှာ ဘုရားရှင်ကနတ်တို့သနင်း သိကြားမင်း–နတ်လူစသော သတ္တဝါတွေဟာ ဘေးရန်ကင်းပြီး ချမ်းသာစွာနေလိုကြပေမဲ့လို့ဣဿာနဲ့မစ္ဆရိယဆိုတဲ့ တရားဆိုးနှစ်ပါး ချည်နှောင်လျှက်သားရှိနေလို့ မိမိတို့အလိုအတိုင်း မဖြစ်ဘဲ ဆင်းရဲနေကြရပါတယ်လို့ ဖြေ တော်မူပါတယ်။

အပြစ်ကင်းစင်တဲ့ အင်္ဂုလိမာလလောင်းလျာလေးမှာ မနာလိုသူတစု၏ သွေးထိုးမှုကြောင့် ဆရာကတော်နဲ့ ယိုးစွပ်မှုခံခဲ့ရပေသည်။ ဘယ်လိုပင်အတို့အထောင်လုပ်ကြသော်ငြားသော်လည်း အစပိုင်းတွင် ဆရာကြီးက လက်မခံခဲ့ပေ။ ပြောဖန်များ နားသွင်းဖန်များတော့လည်း အမှားမှသည်အမှန်ဆီသို့ အသွင်သဏ္ဍာန် ပြောင်းသွားတတ်သည်မှာသိပ်ဆန်းလှသည်မဟုတ်ပါပေ။ အင်္ဂုလိမာလတပည့်လိမ္မာလေး အပေါ်မှာ သားတပည့် ဆရာတမျှ

ချစ်ခင်ယုယပြီး ပညာသင်ပေးခဲ့သော ဆရာကြီးမှာ ထိုအချိန်အခါက တက္ကသိုလ် ပြည်ကြီးတွင် နာမည်ကျော် အရပ်လေးမျက်နှာတို့၏ အကြီးအမှူး ပါမောက္ခကြီးတဦးပင် ဖြစ်ပေသည်။ နောက်ဆုံးဘဝဖြင့် ကျွတ်တမ်းဝင်မည့် ပါရမီရင့်ကျက်ပြီးဖြစ်သော တပည့်လိမ္မာ အင်္ဂုလိမာလ လောင်းလျာလေးနှင့် နိုင်ငံကျော် ဒိသာပါမောက္ခဆရာကြီးတို့၏ ဖြူစင်သန့်ရှင်း စစ်မှန်သော မေတ္တာ တရားသည် မကောင်းသောပတ်ဝန်းကျင်ကြောင့် ပျက်စီးရချေတော့မည်။ ဤ ပုဂ္ဂိုလ်ထူးကြီးနှစ်ဦးကိုပင် အမှောက်အမှောက်အမှားအမှားဖြစ်အောင် ပြုလုပ်စွမ်းဆောင်နိုင်သော ပတ်ဝန်းကျင်ဟူသည် သာမန်လူတို့အဘို့မှာ ဆိုဘွယ်ရာပင် ရှိတော့အံ့မထင်။

ဘေးစကားကို ယုံစားမိလေသော ပါမောက္ခကြီးခမျာမှာ ချစ်တပည့်အင်္ဂုလိမာလအပေါ် အာဃာတ ရှိသော်ငြားလည်း မိမိလက်ဖြင့်မသတ်ရက်။ နည်းဥပါယ်တမျဉ်ဖြင့် အင်္ဂုလိမာလကို သေအောင် ကြံဆောင် ရပေတော့မည်။ တပည့် လူတို့၏လက်ညှိုးတထောင်ကို ဖြတ်ပြီးလျှင် မင်းလိုလားသော ပညာရပ်တွေ ပြီးပြည့်စုံမည်ဟု ပရိယာယ်ဖြင့်ပြောဆို စေခိုင်းလိုက်သည်။ ထိုအချိန်အခါမှစပြီး အင်္ဂုလိမာလ လောင်းလျာသည် ပညာရလိုဇောဖြင့် ဇာလိနတောအုပ်သို့ဝင်ပြီး လာသမျှလူများကိုသတ်ဖြတ်၊ လူတွေမလာရဲတော့သည့်အဆုံး ရွာငယ်ရွာကြီး တရွာဝင်တရွာထွက် သတ်ဖြတ်ကာ တောပုန်းလူမိုက်ကြီး အဖြစ်ဖြင့် ဒုစရိုက်နယ်ပယ်တွင် ကျင်လည်ကျက်စားသွားလာနေထိုင်ခဲ့ရပေသည်။

လက်ညှိုးတထောင်ပြည့်ရန် တချောင်းသာ လိုတော့သည့်နေ့၌ကား ဒီနေ့ပထမဆုံး တွေ့သောသူ၏ လက်ညှိုးကို ဖြတ်မည်ဟု ကြံရွယ်နေခိုက် မိခင်ကိုတွေ့မြင်လျှင် လက်ညှိုးကို ဖြတ်ယူရန်လိုက်လေရာ ဘုရားရှင်တို့ပင် ကယ်တင်နိုင်စွမ်းမရှိသော ပဉ္စာနန္တရိယကံကြီးကို ကျူးလွန်မိတော့မည်ကို မြင်တော်မူ၍ မဟာကရုဏာကြီးသခင် ဘုရားရှင်သည် အင်္ဂုလိမာလနှင့် မိခင်အကြားသို့ ကြွဝင်တော် မူလာသည်။ ဘုရားရှင်ကို တွေ့လျှင်တွေ့ချင်း မိခင်ဆီကို မလိုက်တော့ဘဲ မြတ်စွာဘုရားအား လက်ညှိုးဖြတ်ရန် လိုက်လေရာ–အင်္ဂုလိမာလမှာ ပြေးနေသောဆင်, မြင်း, သားသမင်တို့ကိုပင် မီအောင်လိုက်၍ ဖမ်းယူနိုင်လောက်အောင် သန်စွမ်းသူဖြစ်သော်လည်း မြတ်စွာဘုရားကိုမူ မမီနိုင်ဘဲ လိုက်လေဝေးလေ ဖြစ်နေပေတော့သည်။ နောက်ဆုံးတွင်မူ ချွေးဒီးဒီးကျကာ လက်နက်ချ အရှုံးပေးလျှက် ဘုရားရှင်၏ တရားတော်ကို နာယူပြီး ရဟန်းပြုကာ မကြာမြင့်မီပင် အာသဝေါကုန်ခမ်း ရဟန္တာဖြစ်သွားလေသည်။ အင်္ဂုလိမာလမထေရ် ခန္ဓာဝန်ချုပ်ငြိမ်း၍ ပရိနိဗ္ဗာန်ဝင်စံတော်မူပြီး တနေ့သောအခါမှာ ရဟန်းသံဃာများ စုဝေးပြီး တရားစကားဆွေးနွေးနေကြစဉ် မြတ်စွာဘုရား ရောက်တော်မူလာပြီး ချစ်သားတို့ အဘယ်စကားဖြင့်ဆွေးနွေးပြီး နေကြသနည်းဟု မေးတော်မူရာ အရှင်ဘုရား အင်္ဂုလိမာလဟာ များစွာသော လူတွေကို သတ်ပြီး ရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန်ပြုသွားသည် ဆိုသည်မှာ ဖြစ်နိုင်မဖြစ်နိုင်ဟူသောစကားဖြင့် ဆွေးနွေးနေကြပါသည်ဘုရား–ဟုလျှောက်ထားရာ ချစ်သားတို့ အင်္ဂုလိမာလဟာ စစ်မှန်သော ပညာရှိ သူတော်ကောင်း တည်းဟူသော မိတ်ဆွေကိုမရရှိခဲ့သည့်အတွက် ကြာမြင့်စွာသော ကာလပတ်လုံး ဒုစရိုက် နယ်ပယ်တွင် ကျင်လည်ခဲ့ရပေသည်။ နောက်ဆုံးတွင် ငါဘုရားရှင်တည်းဟူသော အမိတ်ကောင်းကို ရရှိသည့်အတွက်ကား အာသဝေါကုန်ခမ်း ရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန်ဝင်စံခဲ့ရသည်မှာ မှန်ပေသည်ဟု မိန့်တော်မူပေသည်။

အင်္ဂုလိမာလအဘို့မှာ အကုသိုလ်ဇာတ်သိမ်း၍ ချုပ်ငြိမ်းသွားပြီးဖြစ်သော်လည်း ဘေးစကားကိုယုံမှားပြီး ဒုစရိုက်နယ်ပယ်သို့ ရောက်အောင်တွန်းပို့ကာ သူတော်ကောင်းကို ပြစ်မှားမိခဲ့သော ဒိသာပါမောက္ခ ဆရာကြီးအဘို့မှာ ရင်လေးစရာပင် ဖြစ်ပေတော့သည်။ ဘုရားရှင်၏ ရွှေရင်တော်ချစ် သားမြေးမြစ်ဖြစ်ကြသော ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ မိမိတို့တထွေမှာ ကိုယ့်ကံကိုယ်ဖန် ကိုယ့်လမ်းကိုယ်သွား သံသရာ့ခရီးသည်များ ဖြစ်ကြသည့်အားလျော်စွာ အင်္ဂုလိမာလ အပေါ်မှာ ပြစ်မှားမိခဲ့သော ဒိသာပါမောက္ခ ဆရာကြီးကဲ့သို့ မဖြစ်ကြရလေအောင် ဘေးပြော, သွေးထိုး, ပတ်ဝန်းကျင်ဆိုး, အမျိုးမျိုးကြောင့် မိမိတို့ဘဝ မဆုံးရှုံး မနစ်နာ မပျက်စီးကြစေဘဲ သံသရာတလျှောက်လုံး အညွန့်တုံးစေတတ်သော မကောင်းသော ပတ်ဝန်းကျင်ကို ရှောင်ရှားပြီး စစ်မှန်သော ပညာရှိသူတော်ကောင်းတို့အထံတွင် နည်းခံကာ ရှေးဆက်မည့် ဘဝသံသရာခရီးလမ်းကို စင်ကြယ်သထက်စင်ကြယ်အောင် သုတ်သင်ရှင်းလင်းနိုင်ကြပါစေ။

## ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲ

နှစ်စဉ်နှစ်တိုင်း ပြုလုပ်မြဲဖြစ်သော လန်ဒန် ဝိဟာရတွင် ပုရိမဝါဆိုဝါကပ်တော်မူကြသည့် သံဃာတော်တို့အား ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဗြိတိန်မြန်မာဗုဒ္ဓဘာသာ အဖွဲ့မှ ကြီးမှူးလျက် ၁၃၆၇–ခုနှစ်၊ ဝါဆိုလဆန်း ၁၂–ရက် (၁၇၊ ၇၊ ၂၀၀၅) တနင်္ဂနွေနေ့က ကျင်းပပြုလုပ်ရာ အဖွဲ့ဝင်လူကြီးများနှင့် တကွ ဝါဆိုသင်္ကန်း အလှူရှင်များတက်ရောက် ကြည်ညိုလှူဒါန်းကြပါသည်။

# NOTE FOR THE FILE

Subject**: The " Sahapunnakari " to support the BBBTrust**

This note is intended to serve as a piece of information to the readers of the Britain Burma Buddhist Trust's quarterly magazine.

This is a latest development in the Trust in an attempt to improve our functions in general and in particular the organizational capabilities in celebrating our main functions such as the forthcoming Kahtina Ceremony in October 2005.

Thanks to our present 'Spiritual Director (Mu Doon Sayadaw U Kuthala) of the Sahapunnakari' who has recently joined us as the 'Head Resident Sayadaw of the 1 Old Church Lane', and his strong desire to promote the Buddha Sasana while he is here in the United Kingdom, the BBBTrust now has the full support of twenty five committee members and more than thirty ordinary members in addition to the active support of the three Nayaka resident sayadaws, U Visuta, U Tosana and U Candobhasa.

A Special Meeting conducted on Friday 19 August 2005 elected, among other positions, U Min Thukha as President, U Kyi Swan as Vice President(1) and U Thet Tun Oo as Vice President(2). Drafted by Mu Doon Sayadaw, the basic organizational rules were presented for discussion at that meeting and unanimously adopted same there in. Moreover, the Trustees in a Special Meeting held on 4 September 2005 formally recognized and recorded in their meeting minutes. The Sahapunnakari has thus become an official arm of the Britain Burma Buddhist Trust.

The meaning of Saha is 'harmony', Punna is 'merit' and Kari is the deed. Hence the name Sahapunnakari itself is inviting all of us to do good merits in harmony.

Submitted by U Sein Tun Aung, Trustee, the BBBTrust.

## ကုသိုလ်ထုပ် အဟုတ်လိုသေးသည်

ယခု သင်၏ အသက်အရွယ်သည် ဆုတ်နစ်သော အရွယ် သို့ ရောက်ချေပြီ။ သေမင်း၏ ထံမှောက်သို့ သင်သွားချိန် ရောက်နေလေပြီ။ သင့်အတွက် လမ်းခရီးကြားမှာ ဆိုင်းငံ့နားနေစရာ မရှိတော့ပြီ။ သင့်အဖို့ (သံသရာလမ်းခရီး၌ မနွမ်းမနွယ် သုံးဆောင်ဖွယ်) ကောင်းမှုရိက္ခာလည်း ဘာမှ မရှိသေးပါတကား။ (ဓမ္မပဒ)

Your life has come to an end now; to the presence of death you are setting out. No halting place is there for you by the way. Provision too there is none for you. (Dhammapada)

အရွယ်ဆုတ်နစ် သင်ဖြစ်ချေပြီ၊
သေမင်းထံမှောက် သင်ရောက်နေပြီ၊
လမ်းခရီးကြား ရပ်နားမတည်၊
ကုသိုလ်ထုပ် အဟုတ်လိုသေးသည်။
(ဗုဒ္ဓဂီတိကာ)

သဟာပုညကာရီအသင်း
''အဓိဋ္ဌာန်''

တဦးတယောက် ချမ်းသာရောက်ဘို့၊
ခုလောက်ကြိုးကုတ် အားမထုတ်ဘူး၊
ဗုဒ္ဓဘာသာ သာသနာနှင့်၊
မြန်မာအကျိုး တို့လူမျိုးတို့၊
ကောင်းကျိုးစည်ပင် ဂုဏ်ပေါ်ထင်၍၊
ရသည့်တန်ဖိုး ထပ်မညိုးဖို့၊
အားကြိုးမာန်တက် တို့ဆောင်ရွက်သည်၊
ကောင်းကျိုးအနန္တ တည်စေသော်။ ။

# ကျောင်းပြုပြင်ရန်အတွက် နောက်ထပ် လှူဒါန်းသူများ စာရင်း

| | |
|---|---|
| ၁၂၇။ ဒေါ်ခိုင်ရွှေဝါ (မွေးနေ့အလှူ) | £ 36.00 |
| ၁၂၈။ ဒေါက်တာကျော်မြင့်ဦး၊ ဒေါ်သန်းသန်းရွှေ | £ 100.00 |
| ၁၂၉။ ဦးတင်မြင့်အားရည်စူး၍ ဒေါ်သန်းသန်း | £ 100.00 |
| ၁၃၀။ ဦးထွန်းလွင်၊ဒေါ်ခင်သွယ်အေး သား Dr. မျိုးမြတ်လွင်၊ မရီရီအောင် မိသားစု | £ 100.00 |
| ၁၃၁။ ဦးမောင်ဟန်၊ ဒေါ်အေးကြည် မိသားစု | £ 20.00 |
| ၁၃၂။ မောင်သူရမျိုး | £ 10.00 |
| ၁၃၃။ ကိုကျော်ဇင်လတ်၊ မအိငြိမ်းချမ်း | £ 20.00 |
| ၁၃၄။ ဦးအေးချမ်းလင်း၊ ဒေါ်အေးမြ မိသားစု | £ 15.00 |
| ၁၃၅။ ကိုလှိုင်ဘွား၊ ဒေါက်တာမြတ်စုဦး | £ 30.00 |
| ၁၃၆။ ဦးစိန်လွင်၊ ဒေါ်ခင်လှကြည် သမီး ဒေါက်တာစိန်ဝေလွင် | £ 50.00 |
| ၁၃၇။ မငြိမ်းငြိမ်းဝင်း | £ 20.00 |
| ၁၃၈။ ကိုရဲ၊ မနေခြည် | £ 10.00 |
| ၁၃၉။ Dahlia & Denzil Benjamin | £ 20.00 |
| ၁၄၀။ မသဲသဲအုန်း၊ မရီရီသွယ်၊ မယမင်းဦး | £ 15.00 |
| ၁၄၁။ ဒေါက်တာသိန်းမြင့် မိသားစု | £ 50.00 |
| ၁၄၂။ မောင်ဗိုလ်မင်း၊ မမြသဲဖြူ | £ 25.00 |
| ၁၄၃။ ဖခင်ဦးတင်စိန်နှင့်ခင်ပွန်းဗိုလ်ကြီးခင်မောင်သန်းအားရည်စူး၍ မိခင် ဒေါ်ခင်ဝင်းမြင့် သမီး ဒေါက်တာစန်းစန်းအေး မြေး မြတ်သူသူအေး၊ ကျော့ကေသွယ်အေး | £ 25.00 |
| ၁၄၄။ Dr. ကျော်ဇေယျာဝင်း၊ Dr. ဝါဝါခိုင်၊ Dr. ကျော်ဇင်မော်၊ Dr. ခိုင်သဉ္ဇာကျော် | £ 100.00 |
| ၁၄၅။ ဖခင် Dr. မျိုးအောင်ကျော်လွင်အားရည်စူး၍ Dr.ကိုကိုနိုင် Dr.မိုးမိုးကျော်လွင် | £ 100.00 |
| ၁၄၆။ မခင်ခင်လှိုင် | £ 10.00 |
| ၁၄၇။ ဒေါ်အေးမြခင် မိသားစု | £ 50.00 |
| ၁၄၈။ ဒေါက်တာခင်ညို၊ ဒေါက်တာမိမိစိန် မိသားစု | £ 100.00 |
| ၁၄၉။ နှစ်ဘက်မိဘရည်စူး၍ကိုထွန်းမျိုးအောင်၊ဒေါက်တာဥမ္မာညို မြေး | £ 100.00 |
| ၁၅၀။ မောင်ဟိဏ်းသူရအောင်၊ မဖြူနှင်းအေး | £ 20.00 |
| ၁၅၁။ ကိုနိုင်လင်း မိသားစု | £ 10.00 |
| ၁၅၂။ ဒေါက်တာခင်လေးသိန်း | £ 150.00 |
| ၁၅၃။ မကြည်လေးကျော် | £ 30.00 |
| ၁၅၄။ ဒေါက်တာအောင်မြင့်ထွန်း၊ ဒေါက်တာနီလာသွင် | £ 300.00 |
| ၁၅၅။ Mr & Mrs David Fergusson and daughter Kin | £ 30.00 |
| ၁၅၆။ မင်းသန့်ဦး တစ်နှစ်ပြည့်မွေးနေ့အလှူ | £ 30.00 |
| ၁၅၇။ ကွယ်လွန်သူ ဦးသန်းအေးအားရည်စူး၍ ဒေါ်သန်းသန်းအေးမိသားစု | £ 50.00 |
| ၁၅၈။ ဒေါက်တာခင်ခင်စန်းအားရည်စူး၍ ဦးရန်အောင်မြင့် | £ 20.00 |
| ၁၅၉။ ဒေါက်တာမြင့်သန်း | £ 30.00 |
| ၁၆၀။ ဒေါ်သန်းသန်းထွန်းနှင့် သမီး ဝါဝါတင်၊ မို့မို့မောင် | £ 20.00 |
| ၁၆၁။ မနန်းနေခြည်ဦး | £ 20.00 |
| ၁၆၂။ Mr & Mrs Webster family | £ 30.00 |
| ၁၆၃။ Mr. B. D. Cave, Daw Yu Yu Wai & Mr. S. Ko Ko | £ 25.00 |
| ၁၆၄။ မိဘနှစ်ပါးရည်စူး၍ ဒေါ်ခင်ဥစိန် | £ 10.00 |
| ၁၆၅။ Mr & Mrs David Fergusson and daughter Kin | £ 50.00 |
| ၁၆၆။ မောင်အောင်စံညွန့် | £ 20.00 |

| | | |
|---|---|---|
| ၁၆၇။ ဒေါ်ခင်ဝင်းမြင့် သား မောင်ဝေလ | £ | 10.00 |
| ၁၆၈။ မိခင် ဒေါ်နန်းချိုချိုခမ်းအားရည်စူး၍ သား မောင်မင်းရဲကျော်၊ သမီး မနန်းချိုမူအေး | £ | 50.00 |
| ၁၆၉။ ကွယ်လွန်သူ မိဘနှစ်ပါးအား ရည်စူး၍ MR. Daniel & မမီမီအောင် | £ | 50.00 |
| ၁၇၀။ ဦးသိန်းအောင်နှင့်ဒေါ်မေမေခင် ရည်စူး၍ သားသမီးတစ်စု | £ | 30.00 |
| ၁၇၁။ နှစ်ဘက်မိဘများအမှူးထား၍ မောင်ရန်နိုင်စိုး၊ မနှင်းနှင်းယု | £ | 100.00 |
| ၁၇၂။ ကိုလင်းထွန်းကို၊ မနန်း | £ | 50.00 |
| ၁၇၃။ ဖိုးသားကြီးအားရည်စူး၍ မချိုချိုဝင်း | £ | 30.00 |
| ၁၇၄။ ဒေါက်တာသိန်းဇော်၊ ဒေါက်တာသန်းသန်းဝင်း | £ | 100.00 |
| ၁၇၅။ Mr David Brockes & Mrs Khin Brockes | £ | 40.00 |
| ၁၇၆။ ဦးသာခင်၊ ဒေါ်သိန်းခင်၊ ဦးမောင်မှတ်၊ ဒေါ်ကြီးမြိုင် | £ | 50.00 |
| ၁၇၇။ ဒေါ်အေးမြခင် | £ | 30.00 |
| ၁၇၈။ ဒေါ်တင်တင်မြင့်၊ သမီး ဒေါက်တာဥမ္မာမြင့်၊ မသဲနီလာ | £ | 30.00 |
| ၁၇၉။ ဦးထွန်းအောင်၊ ဒေါ်ခင်ရီ မိသားစု မဂ္ဂင်လမ်း၊ ကျောက်မြောင်း | £ | 20.00 |
| ၁၈၀။ ဦးထွန်းလွင်၊ ဒေါ်ခင်သွယ်အေး သား ဒေါက်တာမျိုးမြတ်လွင်၊ ဒေါ်ရီရီအောင် မြေး မောင်ထွန်းအေးလွင် | £ | 40.00 |

# ၂၀၀၅–ခုနှစ်၊ ဝါဆိုသင်္ကန်း အလှူရှင်များ စာရင်း

| | |
|---|---|
| ၁။ ဒေါက်တာစိန်မြင့် မိသားစု | တစ်စုံ |
| ၂။ ကိုကောင်းညွန့်စိုး၊ မမာလွင်အောင် သား မောင်ထူးကောင်း (မွေးနေ့) | တစ်စုံ |
| ၃။ ဒေါက်တာသူရိန်ထွန်း၊ ဒေါက်တာစန္ဒာနိုင် | တစ်စုံ |
| ၄။ သံအမတ်ကြီးဦးနေဝင်း၊ ဒေါ်နွယ်နွယ်လှိုင် မိသားစု | တစ်စုံ |
| ၅။ ကွယ်လွန်သူ ဖခင်ကြီး ဦးစိန်လှိုင်အား ရည်စူး၍ ဒေါက်တာကိုကိုလှိုင် မိသားစု | တစ်စုံ |
| ၆။ ဒေါ်ခင်ဝင်းမြင့် သား မောင်ဝေလ | တစ်စုံ |
| ၇။ ကွယ်လွန်သူ မိဘများနှင့်ဦးသန်းအေးအားရည်စူး၍ ဒေါ်သန်းသန်းအေးနှင့် သားများ | တစ်စုံ |
| ၈။ Mr. Lionel Khin< Karen Khin family | တစ်စုံ |
| ၉။ U Than Htoo Khin & Soenhee Khin family | တစ်စုံ |
| ၁၀။ Dr. Soe Min Tun & Elizabeth Tun family | တစ်စုံ |
| ၁၁။ Mr & Mrs D. G. Fergusson and daughter khin | တစ်စုံ |
| ၁၂။ မအေးအေးဝင်း၊ မနီလာ၊ မဖြူဖြူသွင်၊ မမာမာမြင့် | တစ်စုံ |
| ၁၃။ ဒေါ်သန်းသန်းထွန်း သမီး ဝါဝါတင်၊ မို့မို့မောင် မိသားစု | တစ်စုံ |
| ၁၄။ မမော်လီဦး | တစ်စုံ |
| ၁၅။ မခင်အေးမင်း | တစ်စုံ |
| ၁၆။ ဒေါက်တာကျော်မြင့်ဦး၊ ဒေါ်ရွှေးရွှေး မိသားစု | တစ်စုံ |
| ၁၇။ ကိုသူရိန်အုန်းမြင့်၊ မယဉ်မင်းသွယ် | တစ်စုံ |
| ၁၈။ ကိုကျော်နေလင်း၊ မပုံ့ပုံ့ | တစ်စုံ |
| ၁၉။ ကိုကျော်ခိုင်လင်း၊ မမီးလေး သား ဉာဏ်လင်းထက် မိသားစု | တစ်စုံ |
| ၂၀။ ဒေါ်သန်းသန်း သမီး ဒေါ်မော်လီစိုး မိသားစု | တစ်စုံ |
| ၂၁။ မသီတာသက် | တစ်စုံ |
| ၂၂။ ဒေါ်အုန်းမြင့်အေး မိသားစုနှင့်ညီမ ဒေါ်သန်းနု | တစ်စုံ |
| ၂၃။ ဒေါ်ခင်မျိုးသန့် မိသားစု | နှစ်စုံ |
| ၂၄။ ကိုရဲဇံမောင်၊ မနှင်းနှင်းခိုင် | တစ်စုံ |
| ၂၅။ ဒေါက်တာမင်းတင်သောင်း၊ ဒေါက်တာချိုချိုခင် မိသားစု | နှစ်စုံ |

| | |
|---|---|
| ၂၆။ ဖေဖေ မေမေတို့အား ရည်စူး၍ ဒေါ်ခင်ဥစိန် | တစ်စုံ |
| ၂၇။ ဦးစိန်ထွန်းအောင်၊ ဒေါ်လှလှ မိသားစု | တစ်စုံ |
| ၂၈။ ဒေါက်တာခင်ညို၊ ဒေါက်တာမိမိစိန် မိသားစု | တစ်စုံ |
| ၂၉။ Nimal Silva& Rupa Silva | တစ်စုံ |
| ၃၀။ ဦးအောင်ခင်၊ ဒေါ်ခင်ခင်အေး မိသားစု | တစ်စုံ |
| ၃၁။ Mr. B. D Cave, Daw Yu Yu Wai & Mr. S. Ko Ko | တစ်စုံ |
| ၃၂။ ဒေါက်တာသန်းထွန်းဝေ၊ ဒေါ်နုနုဝေ မိသားစု | တစ်စုံ |
| ၃၃။ အဘိုး အဘွား မိဘနှစ်ပါးကို ရည်စူး၍ မခိုင်ခိုင်တင့် | တစ်စုံ |
| ၃၄။ ဦးကျော်ဖံလှ၊ ဒေါ်ခင်မြဦး သမီး မခင်စန္ဒာကျော် | တစ်စုံ |
| ၃၅။ နှစ်ဘက်သော မိဘများရည်စူး၍ ဒေါ်ညွန့်ရီ | တစ်စုံ |
| ၃၆။ ဒေါ်သန်းရင် မိသားစု | တစ်စုံ |
| ၃၇။ ဒေါက်တာသိန်းမြင့်၊ ဒေါ်စုလင်းမြင့် မိသားစု | သုံးစုံ |
| ၃၈။ ဒေါက်တာခင်လေးသိန်း | နှစ်စုံ |
| ၃၉။ ဒေါ်စူးစူး မိသားစု | တစ်စုံ |
| ၄၀။ ကိုမင်းသန်း၊ မသန္တာလင်း | တစ်စုံ |
| ၄၁။ ဦးဝင်း၊ ဦးမင်း | တစ်စုံ |
| ၄၂။ ဒေါက်တာမျိုးမြင့်၊ ဒေါ်ညိမ်းညိမ်းလွင် မိသားစု | တစ်စုံ |
| ၄၃။ ကိုမျိုး၊ မချော (မသန္တာအောင်) | တစ်စုံ |
| ၄၄။ မတင်ဇာဦးဇွန်း | တစ်စုံ |
| ၄၅။ မဆွေဆွေအောင် | တစ်စုံ |
| ၄၆။ နှစ်ဘက်သော မိဘများ အမှူးထား၍ မောင်မင်းရဲကျော်၊ မနန်းချိုမူအေး | တစ်စုံ |
| ၄၇။ မမိုးမိုး | တစ်စုံ |
| ၄၈။ ဦးခင်မောင်ဝင်း၊ ဒေါ်သက်သက် မိသားစု | တစ်စုံ |
| ၄၉။ မောင်ကျော်ဇင်လတ်၊ မအိအိ | တစ်စုံ |
| ၅၀။ ဒေါက်တာကျော်ဇေယျာဝင်း၊ ဒေါက်တာဝါဝါခိုင် | တစ်စုံ |

## မေတ္တာအခါတော်နေ့ပွဲ ကျင်းပခြင်းနှင့် သဟပုညကာရီ လူငယ်အသင်း အောင်မြင်စွာ ဖွဲ့စည်းခြင်း

၁၃၆၇–ခု၊ ဝါခေါင်လပြည့် (၁၉၊ ၈၊ ၂၀၀၅) သောကြာနေ့ ည ၇ နာရီအချိန်တွင် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့၊ လန်ဒန်ဝိဟာရကျောင်းတိုက်၌ မဟာစည်နာယက မုဒုံဆရာတော် ဦးစီးဦးဆောင်ပြုလျက် ၎င်းနေ့တွင်ကျရောက်သော မေတ္တာအခါတော်နေ့ပွဲကိုမေတ္တာတရားတော်၊ မေတ္တာသုတ်ပါဠိတော်နှင့်မြန်မာပြန်မေတ္တာပို့ ဆုတောင်းများ ဟောကြားရွတ်ဖတ်ပူဇော်လျက် စည်းကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။ မေတ္တာအခါတော်နေ့ပွဲကျင်းပပြီးနောက် လန်ဒန်ဝိဟာရကျောင်းတွင် ဘာသာ သာသနာရေးကိစ္စများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် 'သဟပုညကာရီ' အမည်ရှိသော လူငယ်အဖွဲ့ ဖွဲ့စည်းရာတွင် မဟာစည် နာယက မုဒုံဆရာတော်ကို အဖွဲ့၏ ဩဝါဒါစရိယ အဖြစ်လည်းကောင်း၊ ကျန် ဝန်ဆောင်ဆရာတော်များ ဖြစ်ကြသော ဦးဝိသုတ၊ ဦးတေဇသန၊ ဦးစန္ဒောဘာသတို့အား အဖွဲ့၏ နာယက ဆရာတော်များအဖြစ်လည်းကောင်း တင်မြှောက်ကြလျက် အလုပ်အမှုဆောင် (၂၀) ဦး ရွေးခြယ်လျက် အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ၎င်းအဖွဲ့၏ အသင်းသူ၊ အသင်းသားများအဖြစ် မည်သူမဆို ဝင်ရောက်နိုင်သည်ဖြစ်ကြောင်းနှင့် ဝင်ရောက်ကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**ကုသိုလ်ရှင်၊** ။ ၎င်းပွဲများအပြီးတွင် ကြွရောက်လာကြသော ပရိသတ်တို့အား ကိုကောင်းညွန့်စိုး၊ မမာလွင်အောင် သား မောင်ထူးကောင်း မိသားစုနှင့် မောင်နေမျိုး တို့မှ ကြာဇံကြော်၊ အအေး အချိုရည်များဖြင့် ကျွေးမွေး ညှော်ခံပါသည်။

## လန်ဒန်ဝိဟာရကျောင်း ၂၀၀၅–ခု၊ ဇူလိုင်လ
## နေ့စဉ်ဆွမ်းအလှူရှင်စာရင်း

| နေ့စွဲ | အလှူရှင်အမည် | ရည်မှန်းချက် | နေရာ | အချိန် |
|---|---|---|---|---|
| ၁၊၇၊၂၀၀၅ | မောင်ကောင်းညွန့်စိုး၊ မမာလွင်အောင် မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၂၊၇၊၂၀၀၅ | မောင်ဟယူကို (Hugo ) | မွေးနေ့ဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၃၊၇၊၂၀၀၅ | ဒေါက်တာဥမ္မာမြင့်၊ ညီမ မသဲနီလာ | သဒ္ဓါဆွမ်း | ကျောင်းကပ် | အရုဏ် |
| ။ | ဒေါက်တာအုပ်စိုးခ၊ ဒေါ်စန္ဒီစိုး | ရည်စူးဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၄၊၇၊၂၀၀၅ | မမေလှိုင်ကြည် | သဒ္ဓါဆွမ်း | ကျောင်းကပ် | အရုဏ် |
| | ဒေါက်တာခင်လေးသိန်း | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၅၊၇၊၂၀၀၅ | ဒေါက်တာသီတာအောင် | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၆၊၇၊၂၀၀၅ | ကိုတိုနီ၊ မသိဂီ မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၇၊၇၊၂၀၀၅ | မြမြလွင်၊ရွှေဖြူလှိုင်၊ဆုရည်မွန်၊သီရိဝဏ္ဏာ၊သီရိစန္ဒာကြည်၊အိအိခင် | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၈၊၇၊၂၀၀၅ | ဒေါ်အေးမြခင် မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၉၊၇၊၂၀၀၅ | မခင်ကျော်ညို (အဖေ၏မွေးနေ့) | မွေးနေ့ဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၁၀၊၇၊၂၀၀၅ | မောင်ဇော်ထက်၊ မမီမီဇော် | မင်္ဂလာဆွမ်း | ကျောင်းကပ် | အရုဏ် |
| ။ | ဒေါက်တာစောမြင့်၊ ဒေါက်တာဆွေဆွေထွေးနှင့်သူငယ်ချင်းတစ်စု | ရည်စူးဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၁၁၊၇၊၂၀၀၅ | Mr. Leslie Gray ဒေါ်ခင်မျိုးသန့် မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၁၂၊၇၊၂၀၀၅ | ကိုရှိမီ၊ မဒေါ်လီ မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၁၃၊၇၊၂၀၀၅ | Mr. Peter Wickman ဒေါ်အေးအေးဘအို မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၁၄၊၇၊၂၀၀၅ | မြမြလွင်၊ရွှေဖြူလှိုင်၊ဆုရည်မွန်၊သီရိဝဏ္ဏာ၊သီရိစန္ဒာကြည်၊အိအိခင် | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၁၅၊၇၊၂၀၀၅ | ကိုသူရိန်၊ မယဉ်မင်းသွယ် | မွေးနေ့ဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၁၆၊၇၊၂၀၀၅ | ကိုတင်ခိုင်၊ မတင်မဟူရာ | ရည်စူးဆွမ်း | ကျောင်းကပ် | အရုဏ် |
| | ဒေါက်တာအောင်သိန်း၊ ဒေါ်သန်းသန်းသိန်း မိသားစု | မွေးနေ့ဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၁၇၊၇၊၂၀၀၅ | ကိုရဲဇံမောင်၊ မနှင်းနှင်း | သဒ္ဓါဆွမ်း | ကျောင်းကပ် | အရုဏ် |
| | စုပေါင်းဆွမ်း (ဓမ္မစကြာနေ့) | သဒ္ဓါဆွမ်း | ကျောင်းကပ် | အရုဏ်၊နေ့ |
| ၁၈၊၇၊၂၀၀၅ | ဒေါက်တာခင်လေးသိန်း | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၁၉၊၇၊၂၀၀၅ | ဒြေါက်တာသီတာအောင် | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၂၀၊၇၊၂၀၀၅ | ကိုတိုနီ၊ မသိဂီ မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၂၁၊၇၊၂၀၀၅ | ကိုတင်ခိုင်၊ မတင်မဟူရာ | ရည်စူးဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၂၂၊၇၊၂၀၀၅ | ဒေါ်အေးမြခင် မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၂၃၊၇၊၂၀၀၅ | မရီရီဌေး | သဒ္ဓါဆွမ်း | ကျောင်းကပ် | အရုဏ် |
| | ကိုစိုးထိုက် | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၂၄၊၇၊၂၀၀၅ | ဘာမင်ဂန် ဘုရားပွဲ | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၂၅၊၇၊၂၀၀၅ | Mr. Leslie Gray ဒေါ်ခင်မျိုးသန့် မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၂၆၊၇၊၂၀၀၅ | မြမြလွင်၊ရွှေဖြူလှိုင်၊ဆုရည်မွန်၊သီရိဝဏ္ဏာ၊သီရိစန္ဒာကြည်၊အိအိခင် | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၂၇၊၇၊၂၀၀၅ | ဒေါ်ခင်ဝင်းမြင့် မိသားစု | ရည်စူးဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၂၈၊၇၊၂၀၀၅ | မမြလွင်၊ရွှေဖြူလှိုင်၊ဆုရည်မွန်၊သီရိဝဏ္ဏာ၊သီရိစန္ဒာကြည်၊အိအိခင် | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၂၉၊၇၊၂၀၀၅ | မောင်ကောင်းညွန့်စိုး၊ မမာလွင်အောင် မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၃၀၊၇၊၂၀၀၅ | ဒေါက်တာဥမ္မာမြင့်၊ ညီမ သဲနီလာ | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၃၁၊၇၊၂၀၀၅ | မမီမီအောင်၊ ညီမ မိုးမိုးနှင့်သူငယ်ချင်း တစ်စု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |

# လန်ဒန်ဝိဟာရကျောင်း ၂၀၀၅–ခု၊ ဩဂုတ်လ
# နေ့စဉ်ဆွမ်းအလှူရှင်စာရင်း

| *နေ့စွဲ* | *အလှူရှင်အမည်* | *ရည်မှန်းချက်* | *နေရာ* | *အချိန်* |
|---|---|---|---|---|
| ၁၊၈၊၂၀၀၄ | ဒေါက်တာခင်လေးသိန်း | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၂၊၈၊၂၀၀၄ | ဒေါက်တာကြည်ထွန်း၊ ဒေါက်တာမြင့်မြင့်စိုး | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၃၊၈၊၂၀၀၄ | ကိုတိုနီ၊ မသီဂီ မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၄၊၈၊၂၀၀၄ | ဒေါက်တာဝင်းမောင်၊ ဒေါ်ညိုညို မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၅၊၈၊၂၀၀၄ | ဒေါ်အေးမြခင် မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၆၊၈၊၂၀၀၄ | ဒေါ်သန်းသန်းထွန်း မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၇၊၈၊၂၀၀၄ | ဒေါ်တင်အေးမြင့် | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၈၊၈၊၂၀၀၄ | မသော်သော်ဦး၊ မထွေးထွေး | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၉၊၈၊၂၀၀၄ | ဒေါက်တာသီတာအောင် | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၁၀၊၈၊၂၀၀၄ | ကိုနေလင်း၊ မအိအိနှင့် သူငယ်ချင်းများ | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၁၁၊၈၊၂၀၀၄ | မြမြလွင်၊ရွှေဖြူလိုင်၊ဆုရည်မွန်၊သီရိဝဏ္ဏ၊သီရိစန္ဒာကြည်၊အိအိခင် | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၁၂၊၈၊၂၀၀၄ | မောင်ကောင်းညွန့်စိုး၊ မမာလွင်အောင် မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၁၃၊၈၊၂၀၀၄ | ဒေါက်တာဝင်းနိုင်၊ ဒေါက်တာခင်ဝင်းနွယ် မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၁၄၊၈၊၂၀၀၄ | Mr. Dharshini Gunasekera | သဒ္ဓါဆွမ်း | ကျောင်းကပ် | အရုဏ် |
| ။ | ဒေါ်စန္ဒာ သမီးအိမ် | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၁၅၊၈၊၂၀၀၄ | ကိုတင်ခိုင်၊ မတင်မဟူရာ | ရည်စူးဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၁၆၊၈၊၂၀၀၄ | ဒေါက်တာကြည်ထွန်း၊ ဒေါက်တာမြင့်မြင့်စိုး | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၁၇၊၈၊၂၀၀၄ | မခိုင် | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၁၈၊၈၊၂၀၀၄ | ဒေါက်တာဝင်းမောင်၊ ဒေါ်ညိုညို မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၁၉၊၈၊၂၀၀၄ | ကိုသက်ထွန်းဦး၊ မသင်း | သဒ္ဓါဆွမ်း | ကျောင်းကပ် | အရုဏ် |
| ။ | ဒေါ်အေးမြခင် မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၂၀၊၈၊၂၀၀၄ | ကိုတင်ခိုင်၊ မတင်မဟူရာ | သဒ္ဓါဆွမ်း | ကျောင်းကပ် | အရုဏ် |
| ။ | ဒေါက်တာဝင်းနိုင်၊ ဒေါက်တာခင်ဝင်းနွယ် မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၂၁၊၈၊၂၀၀၄ | ကိုလင်းထွန်းကို | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၂၂၊၈၊၂၀၀၄ | Mr. Leslie Gray ဒေါ်ခင်မျိုးသန့် မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၂၃၊၈၊၂၀၀၄ | ကိုတင်ခိုင်၊ မတင်မဟူရာ | သဒ္ဓါဆွမ်း | ကျောင်းကပ် | အရုဏ် |
| ။ | ဒေါက်တာသီတာအောင် | သဒ္ဓါဆွမ်း | ကျောင်းကပ် | အရုဏ်၊နေ့ |
| ၂၄၊၈၊၂၀၀၄ | ကိုတင်ခိုင်၊ မတင်မဟူရာ | သဒ္ဓါဆွမ်း | ကျောင်းကပ် | အရုဏ် |
| ။ | Mr. Peter Wickman ဒေါ်အေးအေးဘအို မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၂၅၊၈၊၂၀၀၄ | ဒေါက်တာဥမ္မာမြင့်၊ ညီမ သဲနီလ | သဒ္ဓါဆွမ်း | ကျောင်းကပ် | အရုဏ် |
| ။ | မြမြလွင်၊ရွှေဖြူလိုင်၊ဆုရည်မွန်၊သီရိဝဏ္ဏ၊သီရိစန္ဒာကြည်၊အိအိခင် | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၂၆၊၈၊၂၀၀၄ | မောင်ကောင်းညွန့်စိုး၊ မမာလွင်အောင် မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၂၇၊၈၊၂၀၀၄ | မာလာ | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၂၈၊၈၊၂၀၀၄ | ဦးခင်မောင်ဝင်း၊ ဒေါ်သက်သက် | မွေးနေ့ဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၂၉၊၈၊၂၀၀၄ | ဦးမင်း၊ ဦးဝင်း | သဒ္ဓါဆွမ်း | ကျောင်းကပ် | အရုဏ် |
| ။ | ကိုလင်းဝင်းထွန်း မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၃၀၊၈၊၂၀၀၄ | ဒေါက်တာကြည်ထွန်း၊ ဒေါက်တာမြင့်မြင့်စိုး | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၃၁၊၇၊၂၀၀၅ | ကိုတိုနီ၊ မသီဂီ မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |

# လန်ဒန်ဝိဟာရကျောင်း ၂၀၀၅-ခု၊ စက်တင်ဘာလ
## နေ့စဉ်ဆွမ်းအလှူရှင်စာရင်း

| နေ့စွဲ | အလှူရှင်အမည် | ရည်မှန်းချက် | နေရာ | အချိန် |
|---|---|---|---|---|
| ၁၊၉၊၂၀၀၅ | ဒေါက်တာဝင်းမောင်၊ ဒေါ်ညိုညို မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၂၊၉၊၂၀၀၅ | ဒေါက်တာသိန်းဇော်၊ဒေါက်တာသန်းသန်းဝင်း မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၃၊၉၊၂၀၀၅ | Mr. Ganesh & မခင်ကျော်ညို | အိမ်တက် | အိမ်ပင့် | နေ့ဆွမ်း |
| ၄၊၉၊၂၀၀၅ | ဒေါက်တာကျော်ဇေယျာဝင်း၊ ဒေါက်တာဝါဝါခိုင် | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၅၊၉၊၂၀၀၅ | Mr. Leslie Gray ဒေါ်ခင်မျိုးသန့် မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၆၊၉၊၂၀၀၅ | ဒေါက်တာသီတာအောင် | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၇၊၉၊၂၀၀၅ | Mr. Peter Wickman ဒေါ်အေးအေးဘအို မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၈၊၉၊၂၀၀၅ | မြမြလွင်၊ရွှေဖြူလှိုင်၊ဆုရည်မွန်၊သီရိဝဏ္ဏာ၊သီရိစန္ဒာကြည်၊အိအိခင် | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၉၊၉၊၂၀၀၅ | ကိုကျော်ဇင်လတ်၊ မအိအိ | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၁၀၊၉၊၂၀၀၅ | ဒေါက်တာစောမြင့်၊ ဒေါက်တာဆွေဆွေထွေး မိသားစု | သဒ္ဓါဆွမ်း | အိမ်ပင့် | နေ့ဆွမ်း |
| ၁၁၊၉၊၂၀၀၅ | ကိုကျော်ကျော်ဦး | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၁၂၊၉၊၂၀၀၅ | ဒေါက်တာခင်လေးသိန်း | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၁၃၊၉၊၂၀၀၅ | ဒေါက်တာကြည်ထွန်း၊ ဒေါက်တာမြင့်မြင့်စိုး | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၁၄၊၉၊၂၀၀၅ | ကိုတိုနီ၊ မသီဂီ မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၁၅၊၉၊၂၀၀၅ | ကိုဇော်မင်းနောင် | သဒ္ဓါဆွမ်း | ကျောင်းကပ် | အရုဏ် |
| ။ | ကိုရဲဇံမောင်၊ မနှင်းနှင်းခိုင် | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၁၆၊၉၊၂၀၀၅ | ကိုအောင်နိုင်ဝင်း | သဒ္ဓါဆွမ်း | ကျောင်းကပ် | အရုဏ် |
| ။ | ဒေါ်အေးမြခင် မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၁၇၊၉၊၂၀၀၅ | ဒေါက်တာဥမ္မာမြင့်၊ ညီမ သဲနီလာ | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၁၈၊၉၊၂၀၀၅ | ဒေါက်တာမြတ်ကောင်းရွှေ၊ ဒေါက်တာတင်တင်တိုး မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၁၉၊၉၊၂၀၀၅ | Mr. Leslie Gray ဒေါ်ခင်မျိုးသန့် မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၂၀၊၉၊၂၀၀၅ | ဒေါက်တာသီတာအောင် | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၂၁၊၉၊၂၀၀၅ | ကျောင်းနဝကမ္မ | | ကျောင်းကပ် | နေ့ဆွမ်း |
| ၂၂၊၉၊၂၀၀၅ | မြမြလွင်၊ရွှေဖြူလှိုင်၊ဆုရည်မွန်၊သီရိဝဏ္ဏာ၊သီရိစန္ဒာကြည်၊အိအိခင် | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၂၃၊၉၊၂၀၀၅ | မရွှေဖြူလှိုင် | မွေးနေ့ဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၂၄၊၉၊၂၀၀၅ | ဒေါက်တာအောင်ကြည်မြင့်၊ ဒေါက်တာဌေးဌေးရီ မိသားစု | မွေးနေ့ဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၂၅၊၉၊၂၀၀၅ | ကိုဆန်းထွတ်မောင်မောင်ကြည်၊ မသဲစု | အိမ်တက် | အိမ်ပင့် | နေ့ဆွမ်း |
| ၂၆၊၉၊၂၀၀၅ | ဒေါက်တာခင်လေးသိန်း | သဒ္ဓါဆွမ်း | ကျောင်းကပ် | ၊နေ့ဆွမ်း |
| ၂၇၊၉၊၂၀၀၅ | ဒေါက်တာကြည်ထွန်း၊ ဒေါက်တာမြင့်မြင့်စိုး | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၂၈၊၉၊၂၀၀၅ | ကိုတိုနီ၊ မသီဂီ မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၂၉၊၉၊၂၀၀၅ | ဒေါက်တာဝင်းမောင်၊ ဒေါ်ညိုညို မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |
| ၃၀၊၉၊၂၀၀၅ | ဒေါက်တာသန်းထွန်း၊ ဒေါ်ခင်သန်းနွယ် မိသားစု | သဒ္ဓါဆွမ်း | ကျောင်းကပ် | နေ့ဆွမ်း |

(မှတ်ချက်) = ဒေါက်တာ မင်းဇော်အောင်၊ ဒေါက်တာ အေးအေးရီ သား မောင်မင်းသူအောင် မိသားစုတို့မှ လစဉ် ပထမပတ် ကြာသပတေးနေ့ အရုဏ်အတွက် £ 10 နှုန်းဖြင့် တစ်နှစ်စာ လှူဒါန်းပါသည်။

= ဒေါက်တာ တင်တင်ကြွယ် မှ လစဉ် ပထမပတ် စနေနေ့ အရုဏ်အတွက် £ 10 နှုန်းဖြင့် တစ်နှစ်စာ လှူဒါန်းပါသည်။

## ဤစာစောင်တွင်


❖ ချစ်ခြင်း မေတ္တာဟူသည် မုဒ္ဒံ ဆရာတော် ၁

❖ လူ၏မြင့်မြတ်မှု မောင်သလ္လာ ၃

❖ Tribute to Daw Phwa Tint ၄

❖ သူများအပြစ်ကို မပြောတာ ကိုသေသာ ငြိမ်တန် သလောက်ငြိမ်းတယ် မဟာစည် ဆရာတော် ၄

❖ မမေ့မလျော့ကြနှင့် ၅
အရှင်တောသန (မန်း–တက္ကသိုလ်)

❖ ဘေးစကားယုံ အကုန်လုံးမှား ဦးစန္ဒောဘာသ ၇

❖ လန်ဒန်ဝိဟာရဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပ ၈

❖ Note for the File U Sein Tun Aung ၉

❖ ကုသိုလ်ထုပ် အဟုတ်လိုသေးသည် (ဓမ္မပဒ) ၉

❖ ကျောင်းပြုပြင်ရန် နောက်ထပ်အလှူရှင်စာရင်း ၁၀

❖ ၂၀၀၅ ခုနှစ် ဝါဆိုသင်္ကန်းအလှူရှင်စာရင်း ၁၁

❖ မေတ္တာအခါတော်နေ့နှင့်သဟပုညကာရီအသင်း ဖွဲ့စည်းခြင်း ၁၂

❖ လန်ဒန်ဝိဟာရနေ့စဉ်ဆွမ်းအလှူရှင်များစာရင်း (ဇူလိုင်လ) ၁၃

❖ လန်ဒန်ဝိဟာရနေ့စဉ်ဆွမ်းအလှူရှင်များစာရင်း (ဩဂုတ်လ) ၁၄

❖ လန်ဒန်ဝိဟာရနေ့စဉ်ဆွမ်းအလှူရှင်များစာရင် (စက်တင်ဘာလ) ၁၅


**ဆက်သွယ်ရန်–**


**The Britain-Burma Buddhist Trust**
1, Old Church Lane, Kingsbury, London
NW9 8TG
Tel: 020 8200 6898, Charity No. 284619


### တိုက်တွန်းနှိုးဆော်လွှာ

ဤဓမ္မစာစောင်ကို (၃) လတစ်ကြိမ် ဖြင့် တစ်စောင်လျှင် 75p ခန့် (ပို့ခ အပါ အဝင်) အကုန် အကျခံ၍အုပ်ရေ ၂၀၀– ကျော် ပုံမှန် ထုတ်ဝေလျက် ရှိပါသည်။ စာစောင် ဖြစ်မြောက်ရေး အတွက် ဓမ္မဒါန ပြုလိုပါက အုပ်ရေ ၂၀၀–အပြည့်အဝသော်၎င်း၊ တစ်စိတ် တဒေသသော်၎င်း တတ်စွမ်းသမျှ ကုသိုလ်ပြုနိုင်ကြပြီ ဖြစ်ကြောင်း တိုက်တွန်းနှိုး ဆော်အပ်ပါသည်။ ဓမ္မဒါန ပြုလိုသူများသည် လန်ဒန် ဝိဟာရကျောင်း သို့ ဆက်သွယ် လှူဒါန်းနိုင်ပါသည်။

### ယခုအကြိမ် စာစောင် အလှူရှင်စာရင်း

အလိမ္မာ စာမှာရှိ–စာအုပ်စာပေ လှူဒါန်းခြင်းအားဖြင့် အလိမ္မာ တရားကို လှူရာရောက်၏။ လှူသူလည်း တူသော အကျိုးကို ရပါ၏။ (မုဒ္ဒံဆရာတော်)

ဗြိတိန် မြန်မာ ဗုဒ္ဓဘာသာ အဖွဲ့ကြီးမှ လှူနှုန်းပါသည်။

**If undelivered please return to:**
**1, Old Church Lane**
**Kingsbury, London**
**NW9 8TG**